# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲ ဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက် | ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ် (၁၄၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂျပန်ဝန်ကြီးချုပ်ဟောင်းနှင့် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ တို့အား ဂုဏ်ထူးဆောင်ဘွဲ့နှင့် စွမ်းဆောင်မှုဆိုင်ရာဘွဲ့တံဆိပ်များ ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သည် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက် စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းခဲ့ပြီး ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် အခမ်းအနားများကို အောင်မြင်စွာ ကျင်းပခဲ့ကာ အခမ်းအနား တက်ရောက်လာသည့် ဘွဲ့ခံပုဂ္ဂိုလ်များထံ ရရှိသည့် ဂုဏ်ထူးဆောင်ဘွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုယ်တိုင်တစ်ဦးချင်း လက်ရောက် ချီးမြှင့်အပ်နှင်းခဲ့ပြီးဖြစ်သည်။

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်း အခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက် လက်ခံယူမည့် ဘွဲ့ခံပုဂ္ဂိုလ်များရှိခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများက သွားရောက်ချီးမြှင့် အပ်နှင်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။


စာမျက်နှာ ၃ ကော်လံ ၁ ➜




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိခဲ့သည့် ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Taro Aso အား သရေစည်သူဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို ချီးမြှင့်အပ်နှင်းရာ Japan-Myanmar Association Chairman ဖြစ်သူ H.E. Mr. HIDEO WATANABE က ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်းကိုယ်စား လက်ခံရယူစဉ်။

## ယနေ့ ဖတ်စရာ


မော်တော်ဆိုင်ကယ်အရောင်းပြခန်း (Show Room) တွင် ရောင်းချရန် မော်တော်ဆိုင်ကယ်တင်သွင်းရာ၌ လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်သည့် အမိန့်ကြော်ငြာစာ စာ - ၁၆

အစပျိုးစမ်းသပ်ကာလ (Pilot Project) အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ် တင်သွင်းခြင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်သည့် အမိန့်ကြော်ငြာစာ စာ - ၁၇

မော်တော်ယာဉ်အရောင်းပြခန်း (Show Room) တွင် ရောင်းချရန် မော်တော်ယာဉ်တင်သွင်းရာ၌ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်သည့် အမိန့်ကြော်ငြာစာ စာ - ၁၇

## ကျေးလက်လူမှုစီးပွားဘဝ မြင့်မားရေးအတွက် ပညာရေးအခွင့်အလမ်းသစ်များ

နိုင်ငံ၏ လူမှုစီးပွားဘဝ တိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် နေထိုင်ကြသော ကျေးလက်ဒေသများက အရေးကြီးသည်။ လူမှုစီးပွားဘဝဟုဆိုရာတွင် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ ပါဝင်ရာ ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ ပညာရေးအားနည်းချက်များကို တွေ့ရှိရသဖြင့် နိုင်ငံတော်က ပညာရေးမြှင့်တင်ပေးမှုကို ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ကျေးလက်ဒေသနေ ကျောင်းနေအရွယ်ကလေးများ၏ ပညာရေးအားနည်းမှုများကို အလေးထားမြှင့်တင်ပေးခြင်းသည် နိုင်ငံ၏အဓိက လူ့စွမ်းအားအရင်းအမြစ်ကို ဖွံ့ဖြိုးလာစေမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် မူလတန်းပညာရေးကို မသင်မနေရအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားရာ ပြောင်းလဲလာသည့် ခေတ်အခြေအနေနှင့် နည်းပညာလိုအပ်ချက်အရ KG+9 အထိ မသင်မနေရအဖြစ် သတ်မှတ်၍ ပညာရေးကို မြှင့်တင်လျက်ရှိသည်။ KG+9 အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ပြီးနောက် ပညာဆက်လက်သင်ယူမည့် ကျောင်းသူကျောင်းသားများအနေဖြင့် (၁) အခြေခံပညာအထက်တန်းအဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာဟူ၍ ပညာရေးလမ်းသွယ်လေးမျိုးအနက် တစ်မျိုးမျိုးကို ရွေးချယ်သင်ယူနိုင်ကြမည်ဖြစ်သည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပြီးပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များ သင်ယူလေ့ကျင့်ခွင့် ရရှိနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသီးသီးတွင်ရှိ ခရိုင် ၅၀ ၏ မြို့နယ်များတွင် အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်၍ တွဲဖက်ဖွင့်လှစ်သွားတော့မည်ဖြစ်သည်။

အခြေခံပညာအလယ်တန်းအဆင့် (Grade 9) အောင်မြင်ပြီးနောက် အခြေခံပညာအထက်တန်းအဆင့် ဆက်လက်သင်ယူကြသည့် ကျောင်းသူ ကျောင်းသားများသည် ပညာသင်ကာလ (၃)နှစ် တက်ရောက်၍ သက်ဆိုင်ရာဘာသာတွဲအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တို့သို့ ဆက်လက်တက်ရောက်နိုင်ကြမည်ဖြစ်သည်။ အလယ်တန်းအဆင့် အောင်မြင်ပြီး စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အတတ်ပညာများကို သင်ယူသည့် ကျောင်းသူကျောင်းသားများသည် အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်များအဖြစ် သင်ယူကြရမည်ဖြစ်ရာ အသက်မွေးဝမ်းကျောင်း အတတ်ပညာများ သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ရရှိလာမည်ဖြစ်သည်။

"နိုင်ငံသားတိုင်း လူတန်းစေ့ နေထိုင်ရှင်သန်နိုင်ရန်အတွက် အနည်းဆုံးအတတ်ပညာ တစ်ခုခုကို တတ်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့အတွက် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်သည့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးအတွက် လာမည့်ပညာသင်နှစ်မှစ၍ ခရိုင် ၅၀ တွင် အထက်တန်းကျောင်း တစ်ကျောင်းစီကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ ပညာရပ်များကို တွဲဖက်သင်ကြားပေးမည်ဖြစ်ပါကြောင်း၊ အလားတူ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူရရှိစေရန် ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားသည့် ကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သတ်မှတ်အရည်အချင်း ပြည့်မီပါက သက်ဆိုင်ရာ တက္ကသိုလ်များ၌ အဆင့်မြင့်ပညာရပ်များကို ဆက်လက်လေ့လာဆည်းပူးနိုင်မည်ဖြစ်ပါကြောင်း" နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်နှင့်အညီ နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းသူ ကျောင်းသားများအတွက် ပညာရေးအခွင့်အလမ်းများ ပေါ်ပေါက်လာပြီဖြစ်ရာ နိုင်ငံသားများ၏ ပညာရေးအားနည်းချက်များကို အားဖြည့်ပေးနိုင်မည်ဖြစ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်ကိုလည်း တန်ဖိုးမြင့်မားလာစေမည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များ အပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## တရားမအထူးအယူခံမှု (၂) မှု စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၅)မှု ရုံးထိုင်ကြားနာ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂၈/၂၀၂၀ (ရှမ်း)နှင့် ၁၈/၂၀၂၁(မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု (၂)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၃၀/၂၀၂၂(မန္တလေး)၊ ၄၇/၂၀၂၀(စစ်ကိုင်း)၊ ၄၈/ ၂၀၂၀(စစ်ကိုင်း)၊ ၄၉/၂၀၂၀(စစ်ကိုင်း)နှင့် ၁၆/၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု (၅)မှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးဌေးသွင် ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အပြစ်မဲ့ပြည်သူများအပေါ် ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ပြီး အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် တရားခံများအား ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အရာတော်မြို့နယ်၌ ဖြစ်ပွားခဲ့သော ကျောင်းကြိုပို့ယာဉ် မိုင်းခွဲတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်၍ လူငယ်တွေရဲ့အနာဂတ်ကို ရိုက်ချိုးနေသည့် အနာဂတ်မဲ့အကြမ်းဖက်သမားလူငယ်များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၇၀၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○ *ရှေ့ဖုံးမှ*

ယနေ့တွင်လည်း ဂုဏ်ထူးဆောင်တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်ခြင်းကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ပြုလုပ်ရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ၊ Japan–Myanmar Association Chairman ဖြစ်သူ H.E. Mr. HIDEO WATANABE နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လက်ရောက်ချီးမြှင့်အပ်နှင်း**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ စိုးထွန်းက ဘွဲ့တံဆိပ်ပေးအပ်သည့် အမိန့်များကို ဖတ်ကြားတင်ပြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက် စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်ရရှိခဲ့သည့် Japan–Myanmar Association Chairman ဖြစ်သူ H.E. Mr. HIDEO WATANABE ထံ သီရိပျံချီ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက် စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ် ရရှိခဲ့သည့် ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Taro Aso အား သရေစည်သူဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို ချီးမြှင့်အပ်နှင်းရာ Japan–Myanmar Association Chairman ဖြစ်သူ H.E. Mr. HIDEO WATANABE က ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်းကိုယ်စား လက်ခံရယူသည်။

**အစွမ်းကုန်ဆောင်ရွက်ပေးနိုင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းနှင့် ပတ်သက်၍ ဂုဏ်ပြုစကားပြောကြားရာတွင် အဆွေတော် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည့် မိတ်ဆွေကောင်းတစ်ဦးဖြစ်ကြောင်း၊ ထို့ကြောင့် အဆွေတော်ကို ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အဆွေတော်အနေဖြင့် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံတွင် လာရောက်ဆောင်ရွက်နိုင်ရန်တို့အတွက် အစွမ်းကုန် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အဆွေတော်၏ ကြိုးပမ်းခဲ့မှုများကြောင့် နှစ်နိုင်ငံအစိုးရ၊ ပြည်သူများနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခုထက်ပိုမို တိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ သမိုင်းဟူသည်မှာ ဖျောက်ဖျက်၍မရဘဲ ကမ္ဘာတည်သရွေ့ ကျန်ရှိနေမည်ဖြစ်သဖြင့် ကောင်းမွန်သည့်သမိုင်းကို အတူတကွရေးထိုးကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဘွဲ့တံဆိပ်ရရှိသည့်အတွက်လည်း အဆွေတော်၊ အဆွေတော်၏မိသားစု၊ အဆွေတော်၏ နိုင်ငံတို့နှင့် ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် Japan–Myanmar Association Chairman ဖြစ်သူ H.E. Mr. HIDEO WATANABE တို့ တွေ့ဆုံဆွေးနွေးစဉ်။

- **အဆွေတော်၏ ကြိုးပမ်းခဲ့မှုများကြောင့် နှစ်နိုင်ငံအစိုးရ၊ ပြည်သူများနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခုထက်ပိုမို တိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟုယုံကြည်**
- **သမိုင်းဟူသည်မှာ ဖျောက်ဖျက်၍မရဘဲ ကမ္ဘာတည်သရွေ့ ကျန်ရှိနေမည်ဖြစ်သဖြင့် ကောင်းမွန်သည့်သမိုင်းကို အတူတကွရေးထိုးကြရမည်ဖြစ်**

**ဆက်လက်ကူညီဆောင်ရွက်ပေးလျက်ရှိ**

ဆက်လက်ပြီး H.E. Mr. HIDEO WATANABE က ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် အခုကဲ့သို့ ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းအတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍လည်း အနာဂတ်တွင် ယခုဘွဲ့တံဆိပ်နှင့် ကိုက်ညီသည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားလိုပါကြောင်း၊ ဝန်ကြီးချုပ်ဟောင်းအတွက် ဂုဏ်ပြုသည့် ဘွဲ့တံဆိပ်ကို ပေးအပ်မှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ၎င်းအနေဖြင့် ကိုယ်တိုင်လက်ခံရယူလိုသော်လည်း လက်ရှိအချိန်တွင် ဂျပန်နိုင်ငံ၌ လွှတ်တော်ရွေးကောက်ပွဲရှိခြင်းကြောင့် လာရောက်နိုင်ခြင်း မရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုလည်း ကျေးဇူးတင်ရှိပါကြောင်းကို အမှာစကား ပါးလိုက်ပါကြောင်း၊ ယခင်အတိတ်က ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံကို ကူညီဆောင်ရွက်မှုများကို ဆန်းစစ်၍ ယခုအချိန်တွင်လည်း ဆက်လက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့တပ်မတော်၏ ရပ်တည်မှုအတွက် မိမိအသက်ရှင်သန်နေသည့်အချိန်အထိ ရာသက်ပန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၊ Japan–Myanmar Association Chairman ဖြစ်သူ H.E. Mr. HIDEO WATANABE နှင့် အဖွဲ့ဝင်တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ Japan–Myanmar Association Chairman နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့သည့် ဂုဏ်ပြုမိန့်ခွန်း

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားသို့ ပေးပို့သည့် ဂုဏ်ပြုမိန့်ခွန်းပြောကြားစဉ်။

အားလုံးမင်္ဂလာပါ–

ဒီနေ့ကျင်းပပြုလုပ်တဲ့ **“(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ”** ကို တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးပညာရှင်များ၊ သုတေသနပညာရှင်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းလျက် ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

အခုလို ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီးကို ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးနဲ့ပတ်သက်တဲ့ ကာကွယ်ရေးနဲ့ ကုသရေးဆိုင်ရာ ပညာရပ်များ တိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း မြင့်မားလာစေဖို့နဲ့ သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမယ့် သက်ဆိုင်ရာကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးပြီး အသိပညာ ဖလှယ်နိုင်စေဖို့စတဲ့ ရည်ရွယ်ချက်များချမှတ်ပြီး ကျင်းပတာဖြစ်ကြောင်း သိရှိရပါတယ်။

ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကြီးကို ၁၉၆၅ ခုနှစ်က စတင်ကျင်းပခဲ့ပြီး အစောပိုင်းနှစ်တွေမှာ သုတေသနစာတမ်းများအဖြစ်သာ တင်သွင်းဖတ်ကြားဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ပေမယ့် ၁၉၉၁ ခုနှစ်ကစပြီး သုတေသနပိုစတာပြပွဲနဲ့ ၂၀၀၂ ခုနှစ်ကစပြီး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ဆွေးနွေးပွဲ (Symposium) တွေကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းကျင်းပခဲ့ပါတယ်။ သုတေသီပညာရှင်များရဲ့ သုတေသန အရည်အသွေးတွေ ပိုမိုတိုးတက်ကောင်းမွန်လာစေပြီး ကြိုးစားယှဉ်ပြိုင်မှု ရှိလာစေရေးအတွက် စာတမ်းတွေကို တင်ပြရာမှာ အလေးထား အားထုတ်မှုရှိလာစေဖို့အတွက် ၁၉၉၃ ခုနှစ်ကစပြီး အကောင်းဆုံးစာတမ်းဆုတွေ၊ အကောင်းဆုံးပိုစတာဆုတွေ ချီးမြှင့်ခဲ့ပါတယ်။ မျိုးဆက်သစ် သုတေသီလူငယ်တွေကိုလည်း အားပေးဂုဏ်ပြုနိုင်ဖို့အတွက် ၂၀၁၀ ပြည့်နှစ်ကစလို့ လူငယ် သုတေသီဆုချီးမြှင့်ခြင်းကိုလည်း ထည့်သွင်း ဆောင်ရွက်ခဲ့တယ်လို့လည်း သိရပါတယ်။

အခု (၅၁) ကြိမ်မြောက် သုတေသနညီလာခံကြီးကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်နေ့ကနေ ၂၄ ရက်နေ့အထိ (၅) ရက်ကျင်းပမှာဖြစ်ပြီး ညီလာခံကြီးကို ပေးပို့လာတဲ့ သုတေသနစာတမ်းတွေအနက် အခြေခံသုတေသနစာတမ်း၊ အသုံးချသုတေသနစာတမ်း၊ လူမှုရေးနဲ့ ကျန်းမာရေးစနစ်သုတေသနစာတမ်းနဲ့ သုတေသနပိုစတာတွေကို ညီလာခံမှာ တင်သွင်းဖတ်ကြားနိုင်ဖို့ စာတမ်းကြီးကြပ်ရေး ဆပ်ကော်မတီက စနစ်တကျ စိစစ်ရွေးချယ် ဆောင်ရွက်ထားကြောင်းနဲ့ ပိုစတာပြသခြင်းကို In-person ပုံစံနဲ့ စီစဉ်ဆောင်ရွက်ထားတယ်လို့ သိရှိရပါတယ်။ ညီလာခံမှာ သုတေသနစာတမ်း (၅၈) စောင်၊ သုတေသနပိုစတာ (၃၄) စောင် တင်သွင်းဖတ်ကြားပြသကြမှာဖြစ်ပြီး ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၄) ခုကို ပြည်တွင်းပြည်ပက ပညာရှင်တွေနဲ့ ဆွေးနွေးကျင်းပမှာဖြစ်တယ်လို့လည်း သိရပါတယ်။ နိုင်ငံရဲ့ ကျန်းမာရေးမြှင့်တင်မှုမှာ ထိရောက်မယ့် ဆောင်ရွက်ချက်များဖြစ်တဲ့အတွက် လေးစားဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ကမ္ဘာကြီးမှာ ကိုဗစ်–၁၉ အပါအဝင် အသစ်ဖြစ်ပေါ်လာတဲ့ ကူးစက်ရောဂါများ (Emerging Infectious Diseases) နဲ့ ကမ္ဘာ့ကပ်ရောဂါ (Pandemics) အများစုဟာ တိရစ္ဆာန်တွေကနေ စတင်အခြေပြုဖြစ်ပေါ်လာတဲ့ ရောဂါများ (Zoonotic Diseases) ဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့် ယခုနှစ်သုတေသနညီလာခံရဲ့ အဓိကသုတေသနဦးတည်ချက် ခေါင်းစဉ် (Theme) အဖြစ် **“The Fight Against Zoonotic Diseases: A One Health Approach” “တိရစ္ဆာန်မှတစ်ဆင့် ကူးစက်နိုင်သော ရောဂါများကို တစ်စုတည်းသော ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့”** လို့ သတ်မှတ်ထားပြီး ၎င်းနဲ့ပတ်သက်တဲ့ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ပြည်တွင်း / ပြည်ပ ပညာရှင်များ ပါဝင်ပြီး အတွေ့အကြုံတွေကို တင်ပြဆွေးနွေးကာ အသိအမြင်ချင်း ဖလှယ်မှုတွေ ဆောင်ရွက်သွားမယ်လို့ သိရှိရပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုကနေတစ်ဆင့် ရလဒ်ကောင်းများ ထွက်ပေါ်လာမယ်လို့လည်း ယုံကြည်ပါတယ်။

ယနေ့ကမ္ဘာနဲ့တစ်ဝန်း ခေတ်နဲ့အညီ တိုးတက်ပြောင်းလဲနေရာမှာ အဆင့်မြင့်မော်လီကျူးဆိုင်ရာ နည်းပညာတွေဟာ ရောဂါကုထုံးများ၊ ဆေးအသစ် ထုတ်ဖော်မှုများအတွက် များစွာအထောက်အကူပေးနေကြောင်း သက်သေသာဓကများစွာကို တွေ့နေရပြီဖြစ်ပါတယ်။ ဒီအချက်ကို တီဘီရောဂါနဲ့ အသည်းရောင်အသားဝါရောဂါတို့အတွက် မီးမောင်းထိုးပြမယ့် **“ Clinical Significance of Molecular Techniques: A Focus on TB and Hepatitis B (တီဘီနှင့် အသည်းရောင်အသားဝါ ဘီရောဂါကုသရေးတွင် မော်လီကျူလာနည်းပညာ၏ လက်တွေ့အသုံးဝင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ)”** ကို မြန်မာနိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့က သုတေသနသိပ္ပံပညာရှင်များက ဆွေးနွေးအသိပညာဖလှယ်မှုများ ပြုလုပ်မယ်လို့ သိရပါတယ်။

ယနေ့အချိန်မှာ ကိုဗစ်–၁၉ ရောဂါပိုး၊ သွေးလွန်တုပ်ကွေးလို ဗိုင်းရပ်စ်ပိုးများ၊ မျိုးကွဲမျိုးရိုးဗီဇပြောင်းလဲမှုကြောင့် ရောဂါပြင်းထန်မှုများနဲ့ ကပ်ရောဂါအသွင်ဖြစ်ပွားမှုတွေကို လက်တွေ့ရင်ဆိုင်နေကြရပြီ ဖြစ်ပါတယ်။ ဒီလိုမျိုးရိုးဗီဇပြောင်းလဲလာမှုတွေကိုလည်း စဉ်ဆက်မပြတ် အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်လေ့လာဖို့နဲ့ ကာကွယ်ကုသရေးတို့အတွက် သုတေသနစွမ်းဆောင်ရည် တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်နေကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း လိုအပ်ချက်တွေကို ဆက်လက်ပံ့ပိုးဖြည့်ဆည်းပေးသွားမှာဖြစ်ပြီး နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း အားပေးသွားမှာ ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာ မကူးစက်တတ်တဲ့ ရောဂါများဖြစ်တဲ့ ကင်ဆာ၊ ဆီးချို၊ သွေးတိုးစတဲ့ ရောဂါတွေနဲ့ပတ်သက်တဲ့ သုတေသနလုပ်ငန်းတွေကိုလည်း ထိထိရောက်ရောက်ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ဖြစ်ပွားတတ်တဲ့ ရောဂါတွေကို ကာကွယ်ထိန်းချုပ်ရေးနဲ့ပတ်သက်တဲ့ သုတေသနလုပ်ငန်းတွေကိုလည်း ဦးစားပေးဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ တိုင်းရင်းဆေးပညာနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချသုတေသနတွေကတစ်ဆင့် ပြည်သူတွေ လက်တွေ့အကျိုးရှိစေရေးနဲ့ မိမိတို့နိုင်ငံရဲ့ တိုင်းရင်းဆေးပညာရပ်နဲ့ တိုင်းရင်းဆေးဝါးထုတ်ကုန်များ နိုင်ငံတကာကို ထိုးဖောက်နိုင်ရေးအတွက် တိကျခိုင်မာတဲ့ သုတေသနပြုထားတဲ့ အချက်အလက်တွေ ပိုမိုရရှိဖို့အတွက်ကိုလည်း တိုင်းရင်းဆေးပညာရှင်ကြီးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနတို့နဲ့ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက လက်တွေ့အသုံးချသုတေသန (Implementation Research Grant) တွေအတွက် နှစ်စဉ် သုတေသန ထောက်ပံ့ကြေးတွေပေးခဲ့ရာမှာ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သုတေသနအဆိုပြုလွှာ ကနဦးစိစစ်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်ပေးထားတဲ့ သုတေသနစီမံချက် (၁၇၃) ခုအတွက် စုစုပေါင်း ရန်ပုံငွေကျပ်သန်းပေါင်း (၆၇၇ ဒသမ ၃) သန်းကို ခွဲဝေထောက်ပံ့ပေးပြီးဖြစ်တာကြောင့် ထိရောက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

*စာမျက်နှာ ၅ သို့*

> “ယနေ့အချိန်မှာ ကိုဗစ်–၁၉ ရောဂါပိုး၊ သွေးလွန်တုပ်ကွေးလို ဗိုင်းရပ်စ်ပိုးများ၊ မျိုးကွဲ၊ မျိုးရိုးဗီဇပြောင်းလဲမှုကြောင့် ရောဂါပြင်းထန်မှုများနဲ့ ကပ်ရောဂါအသွင်ဖြစ်ပွားမှုတွေကို လက်တွေ့ရင်ဆိုင်နေကြရပြီ ဖြစ်ပါတယ်။ ဒီလိုမျိုးရိုးဗီဇပြောင်းလဲလာမှုတွေကိုလည်း စဉ်ဆက်မပြတ် အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်လေ့လာဖို့နဲ့ ကာကွယ်ကုသရေးတို့အတွက် သုတေသနစွမ်းဆောင်ရည် တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်နေကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း လိုအပ်ချက်တွေကို ဆက်လက်ပံ့ပိုးဖြည့်ဆည်းပေးသွားမှာဖြစ်ပြီး နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း အားပေးသွားမှာ ဖြစ်ပါတယ်”

*စာမျက်နှာ ၄ မှ*

ကျန်းမာရေး သုတေသနလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ပြည်သူ့အကျိုးကို ရှေးရှုပြီး ပြည်သူများရဲ့ မျှော်မှန်းသက်တမ်း ယခုထက်ပိုမိုမြင့်မားလာစေဖို့အတွက် အခြေခံကျန်းမာရေးကောင်းမွန်ရေးနဲ့ ကျန်းမာရေးနဲ့ ညီညွတ်စွာနေထိုင်စားသောက်ရေး၊ ရောဂါများ ကူးစက်ဖြစ်ပွားတတ်တဲ့ သဘောသဘာဝကို သိရှိကာကွယ်နိုင်ရေး တို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်အောင် ဆောင်ရွက်ပေးကြဖို့ လိုပါတယ်။ ဒါ့အပြင် တိုင်းရင်းဆေးပညာဆိုင်ရာ သုတေသနများ၊ နိုင်ငံတကာနဲ့ သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများကို သုတေသနကျင့်ဝတ်များနဲ့အညီ တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိရတဲ့ အချက်များကိုလည်း အခုလိုညီလာခံများကျင်းပခြင်း၊ ပြည်တွင်း ပြည်ပသုတေသနဂျာနယ်များ၊ စာစောင်များ ထုတ်ဝေခြင်းစတဲ့ ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးခြင်း၊ သတိပေးခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ပေးကြဖို့လည်း အလွန်အရေးကြီးပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဦးတည်ချက် (၁၂) ရပ်အနက် လူမှုရေးဦး တည်ချက်တစ်ခုဖြစ်တဲ့ **"နိုင်ငံ၏ အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး"** ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

အမျိုးသားကျန်းမာရေးသုတေသနမူဝါဒမှာပါရှိတဲ့ **"ကောင်းမွန်သော သုတေသနအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးခြင်းနှင့် သုတေသနလုပ်ငန်း ဆောင်ရွက်နိုင်ရန် ကောင်းမွန်သော ပတ်ဝန်းကျင် အခြေအနေ ဖန်တီးပေးခြင်းဖြင့် သင်ကြားရေးဆိုင်ရာဌာနများတွင် သုတေသန ဆောင်ရွက်ရန် အားပေးရမည်"** ဆိုတဲ့ မူဝါဒနဲ့အညီ မိမိတို့နိုင်ငံမှာ အရာရာကို လေ့လာစူးစမ်းသုတေသနပြုလုပ်ပြီးမှ လုပ်ငန်းများကို ဆောင်ရွက်လိုတဲ့ စိတ်နေစိတ်ထား၊ တစ်နည်းအားဖြင့် သုတေသနပြုလိုတဲ့စိတ် (Research minded) ရှိတဲ့ လူငယ်လူရွယ်တွေ ပညာရှင်တွေ များစွာပေါ်ထွက်လာအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုမျိုး ဖြစ်ပေါ်တိုးတက်လာနိုင်ဖို့ ငယ်စဉ်ကျောင်းသား ဘဝကတည်းက သုတေသနပြုလုပ်လိုတဲ့ ဝါသနာအလေ့အကျင့် ပါလာအောင် ပျိုးထောင်နိုင်ဖို့အတွက် ယခုလိုကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံများ စဉ်ဆက်မပြတ် ကျင်းပပေးနေဖို့ လိုအပ်ပါတယ်။

တစ်ချိန်တည်းမှာ အမျိုးသားကျန်းမာရေး သုတေသနမူဝါဒမှာ ပါရှိတဲ့ **"ကျန်းမာရေးသုတေသနနှင့် သင်ကြားရေးဆိုင်ရာ ဌာနများတွင် ကောင်းစွာသက်ဝင်လှုပ်ရှားနေသည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော သုတေသနဆောင်ရွက်မှုစနစ်တစ်ရပ် ထူထောင်ရမည်"** ဆိုတဲ့ အချက်ကိုလည်း လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ သုတေသနပြုလုပ်မယ့် သုတေသီတွေအနေနဲ့ မိမိတို့လုပ်ဆောင်တဲ့ သုတေသနတွေဟာ မှန်ကန်တိကျပြီး မိမိတို့သုတေသနပြုလုပ်တဲ့ လူနာတွေ၊ ပြည်သူတွေအတွက် ကောင်းကျိုးကိုသာဖြစ်စေမယ် ဆိုတဲ့ တာဝန်ခံမှု၊ တာဝန်ယူမှု အပြည့်ရှိတဲ့ ကျင့်ဝတ်နဲ့ညီတဲ့ သုတေသန (Responsible Conduct of Research) များသာဖြစ်ရမယ် ဆိုတာကို စွဲစွဲမြဲမြဲသိရှိလိုက်နာဆောင်ရွက်ပေးဖို့ အထူးအရေးကြီး လှပါတယ်။

ညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ဖို့ လုပ်ငန်းတာဝန်တွေ သတ်မှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြတယ်လို့ သိရှိရတဲ့အတွက် ညီလာခံကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ဆပ်ကော်မတီဝင်များအားလုံး စာတမ်း၊ ပိုစတာများ ဖတ်ကြားတင်သွင်းသူ သုတေသီများ၊ ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲတွေမှာ ပါဝင်ဆွေးနွေးကြသူ ပြည်တွင်း/ပြည်ပ ပညာရှင်များ တို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်းနဲ့ မှတ်တမ်းတင်ချီးကျူးပါကြောင်း အလေးထားထည့်သွင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့-

- ယခုကျင်းပတဲ့ (၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေး ဆိုင်ရာ သုတေသနညီလာခံကြီးမှာ တင်ပြတဲ့ သုတေသန စာတမ်းများ၊ သုတေသနပိုစတာများနဲ့ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ဆွေးနွေးပွဲများကနေ သုတေသနရလဒ်ကောင်း ရရှိအောင် တိုင်ပင်ဆွေးနွေးပေးကြပါ။
- ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ဖြစ်တဲ့ လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေးနဲ့ လူတိုင်း ရောဂါဘယကင်းရှင်းရေးကို ထိရောက်အောင်မြင်အောင် ကြိုးစား ဆောင်ရွက်ပေးကြပါ။

ဆေးသုတေသနဦးစီးဌာနရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ ဆေးသုတေသနတွေ့ရှိချက်တွေကို အသုံးချခြင်းဖြင့် မြန်မာနိုင်ငံသားများ ပိုမိုကျန်းမာလာစေရေးမျှော်မှန်းချက်ကို မျက်ဝါးထင်ထင် အကောင်အထည်ဖော်စေနိုင်တဲ့ (Evidence–based research findings ) များဟာ ခိုင်မာတိကျတဲ့ ရလဒ်အခြေပြု သုတေသန တွေ့ရှိချက်များဖြစ်တယ်လို့ ယုံကြည်ပါကြောင်းနဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်မယ့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးတွန်းအားပေးမယ့် သုတေသနကောင်းများကို သုတေသီပညာရှင်များ စွမ်းစွမ်းတမံအကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# (၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က Video Message ပေးပို့၍ ဂုဏ်ပြုမိန့်ခွန်းပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အမှတ် (၅) ဇီဝကလမ်း ဒဂုံမြို့နယ်ရှိ ဆေးသုတေသန ဦးစီးဌာန၌ ကျင်းပသည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က Video Message ပေးပို့၍ ဂုဏ်ပြုမိန့်ခွန်း ပြောကြားသည်။ **(ယာပုံ)**

**(နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ ဂုဏ်ပြုမိန့်ခွန်းကို စာမျက်နှာ ၄ တွင် သီးခြား ဖော်ပြထားပါသည်။)**

ယင်းနောက် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း က အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ ပြည်သူလူထု၏ ကျန်းမာရေး အဆင့်အတန်း မြင့်မားအောင် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယနေ့ကျင်းပသည့် ညီလာခံသည် မြန်မာ့ဆေးပညာလောကအတွက် အစဉ်အလာကြီးမားသည့် ကျန်းမာရေးဆိုင်ရာသုတေသန ညီလာခံ ဖြစ်၍ ထူးချွန်သော မြန်မာ့ ကျန်းမာရေးသုတေသီတို့အတွက် ဂုဏ်ယူပါကြောင်း။

ယခုနှစ် ညီလာခံ၏ အဓိက ဦးတည်ချက်ခေါင်းစဉ် (Theme) အဖြစ် "The Fight Against Zoonotic Diseases: A One Health Approach" "တိရစ္ဆာန်မှ တစ်ဆင့် ကူးစက်နိုင်သော ရောဂါများကို တစ်ခုတည်းသော ကျန်းမာရေးပူးပေါင်း ဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့" ဟုသတ်မှတ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများနှင့် တိုက်ရိုက်အချိုးကျဆက်စပ်နေသဖြင့် သုတေသန ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ သုတေသနများ ဆောင်ရွက်ရာတွင် မိမိတို့ နိုင်ငံနှင့် ပြည်သူလူထုအတွက် အကျိုးရှိမည့် ကျန်းမာရေးသုတေသနများကို ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ သုတေသန စာတမ်းရှင်များအနေဖြင့် ကျန်းမာရေး အသိပညာဖလှယ်မှု (Knowledge Sharing & Management) ပိုမိုခိုင်မာ ကျယ်ပြန့်လာစေရန် ညီလာခံသို့ စာတမ်းတင်သွင်းရုံမျှမကပဲ ပြည်တွင်းပြည်ပ သုတေသနဂျာနယ်များတွင် သုတေသနတွေ့ရှိချက်များကို ဖော်ပြနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဆေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်သန်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တပ်မတော်ဆေးသုတေသနတပ်မှ တာဝန်ရှိသူများက သုတေသနပိုစတာ ပြပွဲကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များက သွားရောက်၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (ပထမနေ့) စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော်  ဖေဖော်ဝါရီ ၂၀**

(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (ပထမနေ့) စာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။**(ယာပုံ)**



### သဘာပတိအဖြစ်ဆောင်ရွက်

ညီလာခံပထမနေ့ စာတမ်းဖတ်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်သည်။

### ဝိုင်းဝန်းဆွေးနွေး

စာတမ်းဖတ်ပွဲတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမို့မို့ဝင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(Myancopharm)၏ လုံခြုံစိတ်ချရမှုနှင့်ကာကွယ်ဆေး အကျိုးအာနိသင်ထိရောက်မှုဆိုင်ရာ စာတမ်းကိုလည်းကောင်း၊ ဒေါက်တာပြည့်ဖြိုးအောင်က Thalassemia သွေးရောဂါ လူနာများတွင် သွေးတွင်းသံဓာတ်ပမာဏနှင့် နှလုံးပျက်စီးခြင်း ဆက်စပ်မှုစာတမ်းကိုလည်းကောင်း၊ ဒေါက်တာဟိန်းမြတ်စိုးက နာတာရှည်ကျောက်ကပ်ရောဂါ လူနာများတွင် သွေးတွင်း Uric Acid ပမာဏနှင့် နှလုံးကြီးခြင်းဆက်စပ်မှုကိုလည်းကောင်း၊ ဒေါက်တာညီမင်းထက်က ဆီးချိုရောဂါလူနာများတွင် သွေးတွင်းသကြားဓာတ်ပမာဏနှင့် မှတ်ဉာဏ်ချို့ယွင်းခြင်း ဆက်စပ်မှုစာတမ်းကိုလည်းကောင်း၊ ဒေါက်တာဖြိုးသီဟက အသည်းအဆီဖုံးခြင်းနှင့် သိုင်းရွိုက်ပုံမမှန်ခြင်း ဆက်စပ်မှုစာတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ညီလာခံသဘာပတိ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး နံနက်ပိုင်း စာတမ်းဖတ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ဆုများချီးမြှင့်သွားမည်

ညီလာခံကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အခြေခံ သုတေသနစာတမ်း ၁၈ စောင်၊ အသုံးချသုတေသနစာတမ်း ၃၂ စောင်၊ ကျန်းမာရေးစနစ် သုတေသနစာတမ်း ရှစ်စောင်၊ ပိုစတာစာတမ်း ၃၄ စောင် စုစုပေါင်းစာတမ်း ၉၂ စောင် တင်သွင်းဖတ်ကြား ပြသသွားမည်ဖြစ်ပြီး ညီလာခံသို့ တင်သွင်းလာသည့် စာတမ်းများမှ အခြေခံသုတေသန (Basic Research) စာတမ်းဆုများ၊ လက်တွေ့အသုံးချ သုတေသန (Applied Research) စာတမ်းဆုများ၊ ကျန်းမာရေးစနစ် သုတေသန (Health Systems Research) စာတမ်းဆုများ၊ ပိုစတာ စာတမ်းဆုများနှင့် လူငယ်သုတေသီဆုများကို စာတမ်းဆု ရွေးချယ်ရေးဆပ်ကော်မတီက စိစစ်ရွေးချယ်၍ ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် တောင်ကိုရီးယားနိုင်ငံ Pusan National University နှင့် ဂျပန်နိုင်ငံ Miyazaki University တို့မှ ပညာရှင်များက လူကိုယ်တိုင်တက်ရောက်၍လည်းကောင်း၊ အမေရိကန်နိုင်ငံ University of California Davis မှ Online ဖြင့် တက်ရောက်၍လည်းကောင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းနှင့် မကွေးတိုင်းဒေသကြီးရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ ပြန်လည်ရောက်ရှိ

## ဒေသခံပြည်သူစုစုပေါင်း ၇၄၂၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် သွားရောက်ခဲ့သည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် လှမြင့်စိုး၊ ဆေးဝန်ထမ်းညွှန်ကြား ရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့်တပ်မတော် အရာရှိကြီးများက ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုကြိုဆိုပွဲတွင် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက ဂုဏ်ပြုအမှာစကားပြောကြား၍ တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့ကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါတပ်မတော်နယ်လှည့် အထူး ဆေးကုသရေးအဖွဲ့တွင် ဆေးကုသမှု ပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်ပါရဂူ၊ ကလေးပါရဂူ၊ အရိုးပါရဂူ၊ မျက်စိပါရဂူ၊ နား၊နှာခေါင်း၊လည်ချောင်းပါရဂူ၊ သွားပါရဂူ၊ မေ့ဆေးပါရဂူ၊ ရောဂါဗေဒပါရဂူ၊ ဓာတ်မှန်ပါရဂူ၊ ဆေးဝါးဗေဒပါရဂူ၊ ပြည်သူ့ကျန်းမာရေးပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုအရာရှိ၊ စစ်သည်များ ပါဝင်ပြီး အဆိုပါအဖွဲ့နှင့်အတူ ရွေ့လျားခွဲစိတ် ကုသယာဉ်၊ ရွေ့လျား ဓာတ်မှန်ရိုက်ယာဉ်၊ ရွေ့လျား ဓာတ်ခွဲခန်းယာဉ်နှင့် ရွေ့လျား သွားရောဂါ ခွဲစိတ်ကုသရေးယာဉ်တို့ ပါဝင်ကာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ဖေဖော်ဝါရီ ၉ ရက်မှ ၁၉ ရက်အထိ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၆၃ ဦး၊ ခွဲစိတ်ရောဂါ ၅၈၅ ဦး၊ ကလေးရောဂါ ၃၁၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၇၄ ဦး၊ အရိုးရောဂါ ၁၆၈၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၅၁ ဦး၊ မျက်စိရောဂါ ၁၄၈၅ ဦး၊ သွားရောဂါ ၄၀၂ ဦးနှင့် အခြားရောဂါ ၃၆၇ ဦး အပါအဝင် ပြည်သူလူထု စုစုပေါင်း ၇၄၂၈ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မျက်စိခွဲစိတ်ကုသမှုလူနာ ၈၀၊ အထွေထွေ ခွဲစိတ်ကုသမှုလူနာ ၃၇ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၄၆၅ ဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၅၅၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၂၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်မှုလူနာ ၇၂၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်လျက်ရှိသည့် ဒေသခံပြည်သူ ၂၄၅ ဦးကို တပ်မတော်ဆေးရုံများသို့ စနစ်တကျ လွှဲပြောင်းကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။



တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး ကဏ္ဍအရှိန်အဟုန် မြှင့်တင်ရေးတွင် စဉ်ဆက်မပြတ် ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# (၂၉) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

(၇၈) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။**(အပေါ်ပုံ)**

ယနေ့ နံနက်ပိုင်းပွဲစဉ်အဖြစ် (ခ)အဆင့်ပြိုင်ပွဲတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၂)တပ်ခွဲကိုယ်စားပြုအသင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အမှတ်(၁)တပ်ခွဲ ကိုယ်စားပြုအသင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁)တပ်ခွဲ ကိုယ်စားပြု အသင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၃) တပ်ခွဲ ကိုယ်စားပြုအသင်း၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် အမှတ် (၂) တပ်ခွဲကိုယ်စားပြုအသင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် အမှတ်(၂)တပ်ခွဲ ကိုယ်စားပြုအသင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကြသည်။

ထို့ပြင် ညနေပိုင်းတွင် (ခ)အဆင့်ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အမှတ်(၁၀၁) ခြေမြန် တပ်မဌာနချုပ် ကိုယ်စားပြုအသင်း၊ အမှတ်(၆၆) ခြေမြန် တပ်မဌာနချုပ် ကိုယ်စားပြုအသင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာချုပ် အမှတ်(၁)တပ်ခွဲ ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် ထိန်လင်း၊ တပ်မတော် အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မုံရွာမြို့နယ်အတွင်းရှိ ဆရာ၊ ဆရာမများ၊ မုံရွာတပ်နယ်ရှိ မိသားစုဝင်များအား တွေ့ဆုံ၊ မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် တပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ရောက်ရှိနေကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မုံရွာမြို့နယ် တက္ကသိုလ်၊ ကောလိပ်အသီးသီးနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့် တိုးတက်ပြောင်းလဲမှု အခြေအနေများ၊ မြန်မာနိုင်ငံအတွက် အာဆီယံ သဘောတူညီချက်(၅)ရပ်အပေါ် လက်ရှိ ဆောင်ရွက်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက် လာသူများအား စားသောက်ဖွယ်ရာများ ပေးအပ်၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။**(အပေါ်ပုံ)**

ဆက်လက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက် ကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ မုံရွာတပ်နယ်မှ မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး တပ်နယ်မိသားစုများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှုခံယူနေသော တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မုံရွာမြို့ ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကုသမှုခံယူနေသူအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

## အခြေခံပညာ ရုံးဝန်ထမ်းများ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် ( ၂/ ၂၀၂၃ ) ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အခြေခံပညာရုံးဝန်ထမ်းများ စီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ် (၂/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အခြေခံပညာဦးစီးဌာန ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း(ရန်ကုန်)ရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ပညာ ရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း (ရန်ကုန်)မှ ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီးများ၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဌာနမှူးများ၊ လက်ထောက်ကထိကများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက အဖွင့်အမှာစကား ပြောကြားပြီး စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၂/၂၀၂၃) ကို ဖွင့်လှစ်ပေးသည်။

ယခုသင်တန်းကို စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာများကို တာဝန်ယူဆောင်ရွက်ရသည့် အမှုထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို တတ်ကျွမ်းနားလည်စွာ ဆောင်ရွက်တတ်စေရန်နှင့် သင်ကြားသင်ယူမှုဆိုင်ရာလုပ်ငန်းများ၊ မူဝါဒ၊ စီမံ ကိန်းဆိုင်ရာလုပ်ငန်းများ၊ ကွန်ပျူတာနှင့် ICT လုပ်ငန်းများကို ပိုမိုတတ်ကျွမ်း နားလည်စေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး စီမံခန့်ခွဲရေး၊ သင်ကြားသင်ယူမှုဆိုင်ရာလုပ်ငန်းများ၊ ဘဏ္ဍာရေး ကိစ္စရပ်များ၊ မူဝါဒ၊ စီမံကိန်း၊ ICT၊ ကွန်ပျူတာစသည့် ဘာသာရပ်များကို ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း (ရန်ကုန်)မှ သင်တန်းနည်းပြ ၁၃ ဦးတို့က ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အခြေခံပညာရုံးဝန်ထမ်း စုစုပေါင်း ၃၀၀ တက်ရောက်ကြကြောင်းနှင့် သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၁၇ ရက်အထိ ၂၆ ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘူးသီးတောင်၌ ဆီထွက်သီးနှံ ဧက ၅၀၀ကျော် စိုက်ပျိုးပြီးဖြစ်

**ဘူးသီးတောင် ဖေဖော်ဝါရီ ၂၀**

ဘူးသီးတောင်မြို့နယ် နန်းရာကုန်းကျေးရွာအုပ်စု၌ တစ်ကေအထွက်နှုန်းတိုးတက်ရေးအတွက်တောင်သူပညာပေး နေကြာသီးနှံကွင်းသရုပ်ပြပွဲကို ယမန်နေ့နံနက်က အဆိုပါကွင်း၌ ကျင်းပသည်။**(အောက်ပုံ)**

အဆိုပါ ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဘူးသီးတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်း ဆီဖူလုံမှုကို အထောက်အကူဖြစ်စေရန်၊ ဆီထွက်သီးနှံတိုးချဲ့ စိုက်ပျိုးလာကြရန် တောင်သူပညာပေးအဖြစ် နန်းရာကုန်းကျေးရွာအုပ်စု နေကြာမျိုးစေ့ထုတ် ငါးဧကကို ဆောင်ရွက်လျက်ရှိရာ ဘူးသီးတောင်မြို့နယ်တွင် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ပန်းနှမ်း ၅၂၀ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်ညီထံမှ သိရသည်။

အဆိုပါ ဆီထွက်သီးနှံနေကြာ ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးနှင့်အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်သည်။

**မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကို မန္တလေးမြို့ မဟာမြတ်မုနိ ဘုရားကြီး ပိဋကတ်ပြတိုက် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း ကြည့်ရှုပြီး မြို့တော်ခန်းမ၌ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံနှုတ်ဆက်

မန္တလေး ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကို၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး ပိဋကတ်ပြတိုက် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့ မြို့တော်ခန်းမ၌ မန္တလေးမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်/ကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး /ခရိုင်/ မြို့နယ် ပညာရေးမှူးများ၊ အထက်တန်းနှင့် အလယ်တန်းကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံကာ အမှတ်တရစာအုပ်များနှင့် လက်ဆွဲအိတ်များ ပေးအပ်သည်။





ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုနှင့် အဖွဲ့သည် မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး ပိဋကတ်ပြတိုက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါ ပိဋကတ်ပြတိုက် အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းတွင် ပြတိုက်အတွင်း/အပြင် နံရံ၊ မျက်နှာကြက်နှင့် ကြွန်းပါကေးခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကာ ဆေးအချောသုတ်ရန်ကျန်ရှိကြောင်း၊ လေအေးပေးစက်နှင့် မီးပိုင်းဆိုင်ရာများ တပ်ဆင်ပြီး စမ်းသပ်စစ်ဆေးရန်ကျန်ရှိကြောင်း၊ ပြတိုက်အတွင်းထားရှိမည့် ကျွန်းဗီရို ၂၂ လုံးအနက် ၁၉ လုံးနှင့် ကျွန်းခုံ ခြောက်ခုံအနက် လေးခုံပြီးစီးနေသဖြင့် ဆေးသုတ်လုပ်ငန်း ဆောင်ရွက်နေကြောင်း၊ ပြတိုက်အတွင်း ခင်းကျင်းပြသမည့် ပေ၊ ပုရပိုက်၊ ကမ္မဝါ ၃၀ အား စနစ်တကျထိန်းသိမ်းဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုနှင့် အဖွဲ့သည် မန္တလေးမြို့ မြို့တော်ခန်းမတွင် မြို့ပေါ်ရှိ တက္ကသိုလ်/ ဒီဂရီကောလိပ် /ကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် ပညာရေးမှူးများ၊ အထက်တန်း/ အလယ်တန်း ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုက အမှာစကားပြောကြားရာ၌ **(အပေါ်ပုံ)** ပြည်ထောင်စုအစိုးရအဖွဲ့၏ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် မိမိနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ကို အဖွဲ့ဝင်များအဖြစ် ပါဝင်ဖွဲ့စည်း တာဝန်ပေးအပ်ထားပါကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဝန်ထမ်းများ၊ ပြည်သူများ ပူးပေါင်း၍ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ သင့်တင့်ကောင်းမွန်သော အခြေအနေတစ်ရပ်ကို ရရှိခဲ့ပြီးဖြစ်ရာ ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ ကျောင်းများအပ်နှံချိန်တွင် ဆရာ၊ မိဘနှင့် ကျောင်းသားကျောင်းသူများ ပေါင်းစပ်ဆောင်ရွက်မှုဖြင့် ကျောင်းအပ်နှံ/တက်ရောက်မှု မြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်းနှင့် ကျောင်းအပ်နှံ ရန် ပျက်ကွက်မှုများအပေါ်တွင်လည်း အသေးစိတ်စိစစ်ပြီး သက်မွေးအတတ်ပညာသင်ကျောင်းများသို့ မပျက်မကွက် အပ်နှံသင်ယူနိုင်ရေး စီမံဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က နှုတ်ခွန်းဆက်စကားနှင့် ပညာရည် မြင့်မားတိုးတက်ရေးအတွက် မှာကြားကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကို၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က နေ့စဉ်မှတ်တမ်းစာအုပ်များနှင့် လက်ဆွဲအိတ်များ ပေးအပ်ရာ တက္ကသိုလ်ကျောင်းများမှ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများကိုယ်စား ရတနာပုံ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင်မိုးသူဇာနှင့် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းအောင်တို့က ကျေးဇူးတင်စကား ပြောကြားကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုနှင့်အဖွဲ့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လက်ဖက်ရည်နှင့်မုန့်များ အတူတကွ သုံးဆောင်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုနှင့်အဖွဲ့ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပညာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်းစဉ်

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး မိတ္ထီလာမြို့ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (မိတ္ထီလာ) တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဖေဖော်ဝါရီ ၁၈ ရက်က မိတ္ထီလာမြို့ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (မိတ္ထီလာ) တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာ လူ့စွမ်းအားအရင်းအမြစ်များကို မဟာဗျူဟာကျကျ မွေးထုတ်သွားရန်၊ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ပံ့ပိုးပေးနိုင်သည့် သုတေသနများကို ထိရောက်ပီပြင်စွာ ဆောင်ရွက်ရင်း University Ranking ကို မြှင့်တင်ရန်၊ ဆိုလာလေယာဉ်ပျံနှင့် အာကာသအခြေပြု ဆိုလာစနစ်ကို သုတေသန ဆောင်ရွက်ရန်၊ ပြည်တွင်းပြည်ပ တက္ကသိုလ်များနှင့် ကွန်ရက်ချိတ်ဆက်ကာ သုတေသနများ ပူးပေါင်းဆောင်ရွက်ရန်၊ ရရှိလာသည့် သုတေသနရလဒ်များကို လက်ဆင့်ကမ်းကာ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ထိရောက်စွာ အသုံးချနိုင်ရေး ဆောင်ရွက်သွားရန်နှင့် သင်ကြားသင်ယူမှုစနစ်များကို အရည်အသွေး ပြည့်မီစေရေး မွမ်းမံသွားရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပင်မဆောင်ရှိ စာသင်ခန်းများ၊ ကွန်ပျူတာခန်း၊ စာကြည့်တိုက်နှင့် လက်တွေ့ခန်းများ၊ လေကြောင်းနှင့် အာကာသပညာရပ်ဆိုင်ရာ ပြခန်းတည်ဆောက်နေမှုကိုလည်းကောင်း၊ ကျောင်းဥပမိရပ်ကောင်းမွန်စေရန်အတွက် လမ်းတိုးချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ပလက်ဖောင်းနှင့် လမ်းမီးတိုင်များ ပြုပြင်ခြင်း၊ အလှသစ်ပင်များ စိုက်ပျိုးခြင်း၊ ဘောလုံးကွင်း တည်ဆောက်ခြင်းနှင့် နှစ်ထပ်ကျောင်းသား အိပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (မိတ္ထီလာ) သို့ သွားရောက်၍ ပင်မဆောင်၊ ကျောင်းသားအိပ်ဆောင်နှင့် အလုပ်ရုံများ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အရည်အချင်းပြည့်ဝသည့် နည်းပညာရှင်များ ပျိုးထောင်ပေးရန်၊ Master Plan ကို ဇုန်များအလိုက် စနစ်တကျ ချမှတ်ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့ နိုင်ငံတကာအဆင့်မီ အနုပညာဇာတ်ရုံ (မန္တလေး) တွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက်ရှိ ဆောက်လုပ်ဆဲဖြစ်သော နိုင်ငံတကာအဆင့်မီ အနုပညာဇာတ်ရုံ (မန္တလေး)တွင် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်အကောင်အထည်ဖော် တည်ဆောက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြသည်။

ပြည်ထောင်စု ဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် နိုင်ငံတကာအဆင့်မီ အနုပညာဇာတ်ရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၏ အဆောက်အဦ ဆောက်လုပ်ထားရှိမှု အခြေအနေအား ရှင်းလင်းတင်ပြမှုအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

**မြေပေါ်မြေအောက်ဆောက်လုပ်**

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် နိုင်ငံတကာအဆင့်မီ အနုပညာဇာတ်ရုံ၏ မြေပေါ်နှင့် မြေအောက် နှစ်ထပ်စီခွဲ၍ ဆောက်လုပ်ထားရှိမှုကို လှည့်လည်ကြည့်ရှုကြသည်။ (ယာပုံ)

**ရာနှုန်းပြည့်ပြီးစီးနိုင်ရန်ဆောင်ရွက်**

အဆိုပါ နိုင်ငံတကာအဆင့်မီ အနုပညာဇာတ်ရုံ အဆောက်အဦကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ် (၂) ရပ်ကွက်ရှိ မြေဧရိယာ ခြောက်ဧကပေါ်တွင် ၂၀၁၅ ခုနှစ် ဩဂုတ် ၃၀ ရက်က စတင်ပန္နက်တင်၍ ၂၀၁၆ခုနှစ် မေ ၅ ရက်တွင် I-Green Development & Engineering Group က စတင်ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ အဆောက်အဦ အရွယ်အစားမှာ ပေ (၃၅၀x၂၅၀x၁၀၀) ဖြစ်ပြီး မြေအောက်တွင် နှစ်ထပ်နှင့် မြေပေါ်တွင် နှစ်ထပ် ပါရှိသော Steel Structure အဆောက်အဦ အမျိုးအစား ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်အတွင်း လုပ်ငန်းခေတ္တရပ်ဆိုင်းခဲ့သော်လည်း ၂၀၁၈ ခုနှစ်အတွင်း ပြန်လည်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ် -၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် လုပ်ငန်းခေတ္တရပ်ဆိုင်းခဲ့သော်လည်း ပြန်လည်ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် လက်ရှိအခြေအနေအထိ လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့သဖြင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်း မပြုမီ လုပ်ငန်းအား ပြန်လည်အပ်နှံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အဆောက်အဦ ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးနိုင်ရန်အတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# မွေးမြူရေးလုပ်ငန်းများတွင် ထိခိုက်ဆုံးရှုံးမှု အများဆုံးပေးနိုင်သည့် ခွာနာလျှာနာရောဂါကို ထိန်းချုပ်နိုင်ရေး နေပြည်တော် ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန် ဖော်ဆောင်ပြီးစီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန် ဖော်ဆောင်ပြီးစီးမှု ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က **(ယာပုံ)** မွေးမြူရေးလုပ်ငန်းများတွင် ထိခိုက်ဆုံးရှုံးမှု အများဆုံးပေးနိုင်သည့် ခွာနာလျှာနာရောဂါကို ထိန်းချုပ်နိုင်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်များ တိုးချဲ့ဖော်ဆောင်လျက်ရှိသည့်အပြင် တိရစ္ဆာန်ရောဂါများ ထိန်းချုပ်ရေးကိုပါ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် အမျိုးသားအဆင့် ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ရေး စီမံကိန်းရေးဆွဲ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ် ရှစ်မြို့နယ်တွင် ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

ရောဂါကာကွယ်ထိန်းချုပ်ခြင်းနှင့် ပတ်သက်သည့် ဇီဝလုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအမံများ ချမှတ်ခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းကြောင့် ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံပြီး ပဋိပစ္စည်းထွက်ရှိမှု ၈၄ ရာခိုင်နှုန်းရှိသဖြင့် ကောင်းမွန်၍ ထိရောက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ပြင် ခွာနာလျှာနာရောဂါ လက္ခဏာ စူးစမ်းထောက်လှမ်းခြင်းဆိုင်ရာ လစဉ်တင်ပြမှုတွင် ခွာနာလျှာနာရောဂါ လက္ခဏာဖြစ်ပွားမှုမရှိသဖြင့် နေပြည်တော် ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်အဖြစ် အတည်ပြု သတ်မှတ်ကြေညာခြင်းဖြစ်ကြောင်းနှင့် ဇုန်တည်တံ့ရေးလုပ်ငန်းစဉ်များကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း ခွာနာလျှာနာရောဂါ ဖြစ်ပွားမှုမရှိအောင် ဆောင်ရွက်ပြီး ရောဂါထိန်းချုပ်ဇုန် တည်တံ့ရေးလုပ်ငန်းများနှင့် မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် သက်ဆိုင်သူအားလုံး ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်နှင့် နေပြည်တော်ကောင်စီအနေဖြင့် လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်သူ့ကျန်းမာရေး ညွှန်ကြားရေးမှူးတို့က နေပြည်တော် ခွာနာလျှာနာ ထိန်းချုပ်ဇုန် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကုန်သွယ်ရေးလုပ်ငန်းများ အထောက်အကူပြုစေရန် ၂၀၂၄ ခုနှစ်အထိ ထူထောင်ထားရှိပြီးဖြစ်သည့် "ခွာနာလျှာနာရောဂါ ကင်းရှင်းသည့်ဇုန်" သုံးဇုန်တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း ခွာနာလျှာနာရောဂါကင်းရှင်းဇုန်၊ ရခိုင်ပြည်နယ် မာန်အောင် ခွာနာလျှာနာရောဂါကင်းရှင်းဇုန်နှင့် ရှမ်းပြည်နယ် ကွတ်ခိုင် ခွာနာလျှာနာရောဂါကင်းရှင်းဇုန်တို့ ပါဝင်ပြီး "ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်"များ အဖြစ် တနင်္သာရီတိုင်းဒေသကြီး မြိတ် ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ၂၄ မြို့နယ် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်၊ ရှမ်းပြည်နယ် ကွတ်ခိုင် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန်တို့အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မိတ္ထီလာခရိုင်နှင့် ပဲခူးခရိုင်များ၌လည်း ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်များ တိုးချဲ့ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံ့ဧရိယာ၏ ၅၀ ရာခိုင်နှုန်းတွင် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်များ ပေါ်ပေါက်လာသည်အထိ ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# ဖလမ်းမြို့၌ (၇၅)နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ အခမ်းအနားကျင်းပ



**ဖလမ်း ဖေဖော်ဝါရီ ၂၀**

ချင်းပြည်နယ် ဖလမ်းမြို့၌ (၇၅)နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ အဖွဲ့(၁) ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်လတ်နှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံနှင့် ချင်းပြည်နယ်အလံကို အလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၅) နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖတ်ကြားသည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးစာရုံမန်းက ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်းဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းကာ တက်ရောက်လာကြသူများအား စားသောက်ဖွယ်များဖြင့် ဧည့်ခံကျွေးမွေးသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြောင်း သိရသည်။

**ရဲမြင့်အောင်**

# ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့လင်းစေသော ...

**ဘကြီးကောင်း**

မောင်မြင့်အေးရေ . . .

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းမှာ တည်ထားကိုးကွယ်ဖို့ ဆောင်ရွက်လျက်ရှိတဲ့ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးရဲ့ ဆင်းတုတော်ကို အပိုင်းလိုက် ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာမြင်ကွင်းတွေကို ဖူးမြင်ရတာ ဝမ်းမြောက်ကြည်နူးစရာဖြစ်ရသလို ထေရဝါဒ ဗုဒ္ဓဘာသာဦးဆောင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံတော်ကြီးအတွက်လည်း ဂုဏ်ယူစရာ ဖြစ်ရတယ်။

**မြန်မာရဟန်းသံဃာတော်များက ပြန်လည်သင်ကြား သာသနာပြုပေးခဲ့**

ထေရဝါဒဗုဒ္ဓဘာသာ ဦးဆောင်နိုင်ငံဆိုတဲ့ အသုံးအနှုန်းကို မောင်တို့လူငယ်တွေ ဂဃနဏ နားရှင်းအောင်ပြောရရင် ခေတ်အဆက်ဆက် ဆရာတော် သံဃာတော်များ၊ သာသနာပြုမင်းများ၊ အလှူဒါယကာ၊ ဒါယိကာမ မြန်မာပြည်သူများ ဆရာဒကာလက်တွဲပြီး လက်ဆင့်ကမ်းထိန်းသိမ်း စောင့်ရှောက်မှုခဲ့မှုကြောင့် မြတ်ဗုဒ္ဓရဲ့သာသနာဟာ မူရင်းအတိုင်း မြန်မာနိုင်ငံမှာ ထွန်းလင်းတောက်ပနေဆဲဖြစ်တယ်။ သီဟိုဠ်လို့ခေါ်တဲ့ သီရိလင်္ကာမှာ ပဋ္ဌာန်းကျမ်းအတော်များများ ကွယ်ပျောက်ခဲ့လို့ မြန်မာနိုင်ငံက အသက်ဆက်ပေးခဲ့ရတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံမှာ တစ်ချိန်က အဘိဓမ္မာတရားတော်ကို မသာအသုဘနာရေးတွေမှာပဲ ရွတ်ပွားတော့တဲ့ အခြေအနေအထိဖြစ်ခဲ့လို့ မြန်မာရဟန်းသံဃာတော်များက ပြန်လည်သင်ကြား သာသနာပြုပေးခဲ့ရတယ်လို့ နာယူမှတ်သားဖူးပါတယ်။

မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ထောင်ကျော်မှစလို့ ယနေ့တိုင် ကမ္ဘာမှာ ဗုဒ္ဓသာသနာတော်ရဲ့ "နောက်ဆုံးခံတပ်မြို့တော်ကြီး"အဖြစ် ဘာကြောင့် အခိုင်အမာ ရပ်တည်နိုင်ခဲ့သလဲ။

**ကြံ့ကြံ့ခံသယ်ဆောင်**

ရှေးဘိုးဘွားများဟာ မြန်မာကို ကမ္ဘာကသိသည်မှာ ဗုဒ္ဓဝါဒသာဖြစ်တယ်၊ မြန်မာလူမျိုးတို့ရဲ့ တိုးတက်မှုဟူသမျှသည် ဗုဒ္ဓဝါဒ၌အခြေခံပြီး ဗုဒ္ဓသာသနာတော်ဆုတ်ယုတ်ခြင်းသည် မြန်မာလူမျိုးတို့ရဲ့ ကျဆုံးခြင်းပဲလို့ခံယူပြီး သုဝဏ္ဏဘူမိမှ ပုဂံ၊ ပုဂံမှ ကုန်းဘောင် နှစ်ပေါင်းထောင်ချီတိုင် ထေရဝါဒသာသနာ့အလံကို အခက်အခဲမျိုးစုံကြားက ကြံ့ကြံ့ခံ သယ်ဆောင်ခဲ့ကြတယ်။

ဗြိတိသျှလက်အောက် သူ့ကျွန်ဘဝရောက်ခဲ့စဉ်မှာလည်း အမျိုးဘာသာ၊ သာသနာအတွက် ဆရာဒကာလက်တွဲပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာတော့ ဆဋ္ဌသင်္ဂါယနာတင်ခြင်းအပါအဝင် သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို သန့်ရှင်း၊ တည်တံ့ပြန့်ပွားအောင် စွမ်းအားရှိသမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းတို့ကြောင့်ပဲ ဖြစ်တယ်။

**ဘက်စုံဖွံ့ဖြိုးတိုးတက်လာခဲ့**

အဲဒီလိုကြိုးပမ်းခဲ့မှုကြောင့်လည်း အခြားထေရဝါဒနိုင်ငံများနဲ့ နှိုင်းယှဉ်ကြည့်ရင် မြန်မာနိုင်ငံဟာ ပရိယတ်၊ ပဋိပတ်သာမက ပဋိဝေဓပါ ဘက်စုံဖွံ့ဖြိုးတိုးတက်လာခဲ့တယ်။ သီဟိုဠ် သံဃိတိကာရကသံဃကိုယ်စားလှယ်ခေါင်းဆောင် အဂ္ဂမဟာပဏ္ဍိတ အာနန္ဒ မေတ္တေယျဆရာတော်ကြီးကိုယ်တော်တိုင် "သင်သည်ဗုဒ္ဓဝါဒကို အမှန်တကယ် စိတ်ပါ မြတ်နိုး၍ လက်တွေ့ကျကျအဟုတ်ကျင့်ကြံသည်ကို လေ့လာလိုပါလျှင် မြန်မာနိုင်ငံသို့ သွားပါ"လို့ မိန့်ကြားတော်မူခဲ့ပါတယ်။



မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တည်ထားကိုးကွယ်ထားသော မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေဆဲ ဆင်းတုတော်အပိုင်းကို တွေ့ရစဉ်။

မြန်မာနိုင်ငံမှာမြတ်ဗုဒ္ဓရဲ့ သဒ္ဓမ္မသုံးဖြာသာသနာတော်ကြီး ယခုလို နေလိုလလို ထွန်းလင်းတောက်ပပြီး ကမ္ဘာကို အလင်းဆောင်ပေးနိုင်ခဲ့တဲ့နည်းတူ မြန်မာနိုင်ငံက ဘုရားကျောင်းကန်စေတီ ပုထိုးများဟာလည်း နှောင်းလူတို့အတွက် ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှုသမိုင်းအမွေအနှစ်များအဖြစ် ထင်ကျန်ရစ်စေခဲ့ပါတယ်။

**မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာရတနာများ**

ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာအရှင်နန္ဒမာလာဘိဝံသကလည်း ၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁ ရက်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် မြတ်ဘုရား ရွှေတိဂုံစေတီတော်မြတ် ရင်ပြင်တော်အောင်မြေဌာနအတွင်း ရွှေတိဂုံဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ကကြီးမှူးပြီး စေတိယင်္ဂဏပရိယတ္တိဓမ္မနုဂ္ဂဟ စာမေးပွဲနှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပတဲ့ ဓမ္မပူဇာအထူးဓမ္မသဘင်မှာ "မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာ ရတနာများဆိုသည်မှာ ရွှေတိဂုံဘုရားကြီး၊ မြန်မာနိုင်ငံရဲ့နံပါတ် -၁ ဂုဏ်ယူစရာ အကောင်းဆုံးတစ်ခုဖြစ်ပါတယ်။ နံပါတ်-၂ ကမ္ဘာမှာအကြီးဆုံးစာအုပ်လို့ခေါ်တဲ့ ပဉ္စမသင်္ဂါယနာကျောက်စာတော် ဖြစ်ပါတယ်။ နံပါတ်-၃ ဆဋ္ဌသင်္ဂါယနာတင် ဆဋ္ဌသံဂီတိ မဟာပါသာဏလိုဏ်ဂူတော်ကြီး ဖြစ်ပါတယ်။ နံပါတ်-၄ ကတော့ ထိုရုပ်ဝတ္ထုတွေနဲ့မတူ သင်ကြားပို့ချခြင်းဖြင့်သာလျှင် ရှင်သန်နိုင်တဲ့ ပါဠိစာပေနဲ့မြတ်ဗုဒ္ဓရဲ့ အဆုံးအမပိဋကတ်တော်တွေသာ ဖြစ်ပါတယ်" လို့ "မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာရတနာများ" ခေါင်းစဉ်နဲ့ ဟောဖော်ညွှန်ပြခဲ့ပါတယ်။

မြန်မာတစ်မျိုးသားလုံးအတွက် တစ်ခုတည်းသော၊ တစ်ဆူတည်းသော ရွှေတိဂုံစေတီတော်မြတ်ကြီးနဲ့ ပတ်သက်ပြီး ဆရာတော်ကြီးက "ဒီရွှေတိဂုံစေတီမြတ်ကြီးဟာ မြန်မာလူမျိုးတွေဂုဏ်ယူဝမ်းမြောက်ဖွယ်ရာကောင်းတဲ့ ရတနာတစ်ပါးပဲလို့ အင်မတန်မှ ထင်ရှားတယ်။ ရွှေတိဂုံစေတီတော်ကြီးကို ဘယ်သူတွေ ပိုင်လိုက်ကြသလဲဆိုတော့ မြန်မာနိုင်ငံသားတွေ ပိုင်လိုက်ကြတယ်"လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

မြတ်ဗုဒ္ဓရဲ့အဆုံးအမ ပါဠိ၊ ပိဋကတ်စာပေတို့နဲ့ပတ်သက်ပြီးတော့လည်း "မြန်မာနိုင်ငံရဲ့ ပါဠိ ပိဋကတ်ကိုထိန်းသိမ်းပေးတဲ့ စာချနည်းနှစ်မျိုးရယ်၊ ဒီစာမေးပွဲကြီးတွေဟာ တိုင်းပြည်မှာအရေးအကြီးဆုံးဖြစ်လို့ ပါဠိနဲ့ပိဋကတ်စာပေဆိုတဲ့ ဒီရတနာဟာ မြန်မာလူမျိုးတွေ ရရှိပိုင်ဆိုင်ထားတဲ့ ကိုယ်ပိုင်ပစ္စည်း ဖြစ်နေပါပြီ။ အခုလိုပါဠိဘာသာနဲ့ပိဋကတ်စာပေတွေပိုင်ဆိုင်ထားတာကို လူတိုင်းကဂုဏ်ယူတတ်ချင်မှ ဂုဏ်ယူတတ်မယ်။ တကယ်တော့ ဂုဏ်ယူစရာအကောင်းဆုံးက အဲဒါဖြစ်ပါတယ်"လို့ ဆရာတော်ကြီးက ဟောကြားတော်မူခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ "တစ်ခါတစ်ရံကျတော့ ဝေးလံတဲ့ဒေသမှာရှိတဲ့အရာတွေကို တန်ဖိုးလို့ ထင်မှတ်နေတတ်တယ်။ ကိုယ့်အနားမှာ ရှိတဲ့အရာကို တန်ဖိုးလို့သိချင်မှ သိတယ်။ ဘာကြောင့်လဲဆိုတော့ နေ့စဉ်မြင်တွေ့နေကြရတာဖြစ်လို့ တန်ဖိုးရှိတဲ့အရာပင်ဖြစ်သော်လည်း ရိုးနေတာဖြစ်သည့်အတွက်ကြောင့် တန်ဖိုးထားရမှန်းမသိ ဖြစ်နေတတ်တယ်ပေါ့" လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

ထိန်းသိမ်းရခက်တဲ့ ပါဠိနဲ့ပိဋကတ်စာပေတွေ ရှင်သန်နေစေရေးနဲ့ ပတ်သက်ပြီးတော့လည်း "လောကမှာမြတ်စွာဘုရားဟောကြားခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟာ အလွန်တန်ဖိုးရှိတဲ့ ရတနာများဖြစ်ပါတယ်။ အဲဒီရတနာတွေဟာ မြန်မာလူမျိုးတွေရဲ့ လက်ထဲမှာ ရှင်သန်နေတာဟာ ဂုဏ်ယူစရာအကောင်းဆုံး ရတနာတစ်ပါးဖြစ်ပါတယ်။

**သင်ယူပို့ချခြင်းဖြင့် လက်ဆင့်ကမ်း**

"ပါဠိနဲ့ ပိဋကတ်စာပေတွေ ရှင်သန်နေအောင် သင်ကြားခြင်း၊ ပို့ချခြင်းတွေကို ဆက်လက်ရှိနေအောင် တို့တစ်တွေကြိုးစားအားထုတ်ကြရမှာဖြစ်တယ်။ ဒါတွေကို မပျက်ရအောင် ဆက်လက်ပြီးတော့ ထိန်းသိမ်းစောင့်ရှောက်ကြရမှာ ဖြစ်တယ်။ သံဃာနဲ့ ဥပါသိကာ၊ သံဃာနဲ့ဥပါသိကာမ၊ ဆရာ ဒကာနှစ်ဦး လက်တွဲပြီးတော့ ရှင်သန်နေအောင် ပုံစံအမျိုးမျိုးနဲ့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ နှလုံးသားထဲရောက်သည်ထိအောင်၊ ဒီစာတွေ ကျမ်းအိပ်မဖြစ်အောင် အမြဲတမ်းနှိုးပြီးတော့ သင်ယူပို့ချခြင်းဖြင့် လက်ဆင့်ကမ်းနေကြရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

❁ **မြန်မာနိုင်ငံဟာ ပရိယတ်၊ ပဋိပတ်သာမက ပဋိဝေဓပါ ဘက်စုံဖွံ့ဖြိုးတိုးတက်လာခဲ့တယ်။ သီဟိုဠ် သံဃိတိကာရကသံဃ ကိုယ်စားလှယ်ခေါင်းဆောင် အဂ္ဂမဟာပဏ္ဍိတ အာနန္ဒမေတ္တေယျဆရာတော်ကြီးကိုယ်တော်တိုင် "သင်သည်ဗုဒ္ဓဝါဒကို အမှန်တကယ် စိတ်ပါမြတ်နိုး၍ လက်တွေ့ကျကျ အဟုတ်ကျင့်ကြံသည်ကို လေ့လာလိုပါလျှင် မြန်မာနိုင်ငံသို့ သွားပါ"လို့ မိန့်ကြားတော်မူခဲ့**

❁ **ပါဠိနဲ့ပိဋကတ်စာပေတွေ ရှင်သန်နေစေရေးနဲ့ ပတ်သက်ပြီးတော့လည်း "လောကမှာမြတ်စွာဘုရားဟောကြားခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟာ အလွန်တန်ဖိုးရှိတဲ့ရတနာများ ဖြစ်ပါတယ်။ အဲဒီရတနာတွေဟာ မြန်မာလူမျိုးတွေရဲ့ လက်ထဲမှာ ရှင်သန်နေတာဟာ ဂုဏ်ယူစရာ အကောင်းဆုံး ရတနာတစ်ပါးဖြစ်**



သုဓမ္မာဇရပ်



ကျောက်စာရုံစေတီတော်

*စာမျက်နှာ ၁၀ မှ*

"အဲဒီလိုမလုပ်ဘဲနဲ့ စာပေကျမ်းဂန်ပါဠိ ပိဋကတ်စာပေတွေကိုကျောခိုင်းမယ်ဆိုလို့ရှိရင်တော့ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု အော်ချင်တိုင်းအော် ဘယ်တော့မှ စိရံတိဋ္ဌတုဖြစ်မှာ မဟုတ်ဘူး။ အကယ်၍ ထိန်းသိမ်းစောင့်ရှောက်မှုမတတ်နိုင်ဘူးဆိုလို့ရှိရင် မြတ်စွာဘုရားရဲ့ အဆုံးအမတရားတွေဟာ မြန်မာနိုင်ငံကမှ မထိန်းရင် ထိန်းမယ့်နိုင်ငံမရှိဘူးလို့ ပြောရမယ်။ ဒီထက်လျော့တဲ့၊ ပျော့ညံ့တဲ့နိုင်ငံတွေသာဖြစ်တယ်" လို့ ဟောဖော်ညွှန်ပြတော်မူခဲ့ပါတယ်။

**မြန်မာလူမျိုးတွေရဲ့၊ ဗုဒ္ဓဘာသာဝင်တွေရဲ့ တာဝန်ပဲဖြစ်**

တစ်ဆက်တည်းမှာပဲ ပါမောက္ခချုပ် ဆရာတော်ကြီးက "မြန်မာနိုင်ငံမှာ ဂုဏ်ယူစရာ ရတနာတွေ ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမှာကတော့ မြန်မာလူမျိုးတွေရဲ့၊ ဗုဒ္ဓဘာသာဝင်တွေရဲ့တာဝန်ပဲဖြစ်ပါတယ်"လို့ ဟောဖော်ညွှန်ပြဆို ဆုံးမတော်မူခဲ့ပါတယ်။

တောင်မြို့ မဟာဂန္ဓရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသကလည်း "အနာဂတ်သာသနာရေး" စာအုပ်မှာ "ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊ ကောင်းစွာကြိုတင်၊ မပြုပြင်သော်၊ အမြင် မှိန်မှေး၊ အထင်သေး၍၊ ယဉ်ကျေးဘွယ်ရာ၊ အဖြာဖြာနှင့်၊ ဘာသာဝါဒ၊ ဟူသမျှတို့၊ စစ ကုန်သုဉ်း၊ ပြုတ်ပြုတ်ပြုန်းလိမ့်။

ထွန်းဘုန်းသာသနာ၊ မှိန်သောခါဝယ်၊ ထွေရာကောင်းနိုး၊ ဝါဒမျိုးဖြင့်၊ အကျိုးမတဲ့၊ ဖြစ်ပျက်ခဲ့မူ၊ တကဲ့တိုင်းကြီး၊ ပြည်အနီး၌၊ တိုင်းထီးပြည်နယ်၊ မျက်နှာငယ်လိမ့်။

သို့နှယ်ကြောင်းရာ၊ စုပေါင်းကာဖြင့်၊ ကောင်းစွာမျှော်ညို၊ ဆင်ခြင်မိ၍၊ ဒို့၏ နယ်မြေ၊ ဒို့အမွေနှင့်၊ ဒို့မေဘာသာ၊ သာသနာကို၊ ဒို့သာကြံ့ကြံ့၊ စောင့်ရှောက်အံ့ဟု၊ ခံ့ခံ့မားမတ်၊ စိတ်ထားမြတ်ဖြင့်၊ နာဂတ်သာသနာ၊ ရေးအရာကို၊ တွေးတောသိုက်မြိုက်၊ ရေးသားလိုက်၏။

သိထိုက်သိရာ၊ သိပြီးခါဝယ်၊ စဉ်လာထင်မြင်၊ ပြင်ကာဆင်လျက်၊ စည်ပင်သာယာ၊ သာသနာနှင့်၊ မြန်မာပြည်ထောင်၊ တိုးတက်အောင်လျှင်၊ ခေါင်းဆောင်ရှေ့သွား၊ ရှင်လူများတို့၊ ခွဲခြားမေတ္တာ၊ မထားပါဘဲ၊ များစွာခိုသင်း၊ ငုံးခပင်းတို့၊ မကြွင်းကိုယ်စီ၊ ပိုက်ကိုချီသို့၊ ညီညီကြိုးကုတ်၊ အားသွန်ထုတ်က၊ ဗုဒ္ဓသာသနာ၊ ပြည်မြန်မာသည်၊ ကမ္ဘာထုတ်ချင်း၊ ထွင်းလိမ့်သော်" ဆိုတဲ့ မော်ကွန်းကိုရေးထိုးခဲ့ပါတယ်။

မောင်မြင့်အေးရေ ...

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူ ဖြစ်စေရန်ဆိုတဲ့ ရည်ရွယ်ချက်လေးရပ်နဲ့အညီ တည်ထားကိုးကွယ်ရန်ဆောင်ရွက်လျက်ရှိတဲ့ "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟာလည်း ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တယ်ဆိုတော့ကာ မြန်မာလူမျိုးတွေအတွက် အံ့ချီးဂုဏ်ယူစရာတစ်ခုလို့ပဲ ဆိုရမယ်။

**ကမ္ဘာက သိရှိနိုင်ရေး ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး တည်ဆောက်**

"မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနဲ့အတူ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းမှာ သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်မယ့် သံဃာတော်အပါး ၁၂၀၀ နဲ့ လူပရိသတ်များဝင်ဆံ့နိုင်တဲ့ သာသနာ့ဗိမာန်တော်ကြီး၊ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်မှာ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့နဲ့ ကျောက်စာတော်များထုဆစ်ပူဇော်ထားရှိတဲ့ ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များ၊ ဘုရားကြီးရင်ပြင်တော်၊ သုဓမ္မာဇရပ်များအပြင် အခြားသော သာသနိက အဆောက်အဦများကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိတယ်လို့ သိရတယ်။

ယနေ့ကမ္ဘာတစ်ခွင်လုံးသို့ ထေရဝါဒသာသနာ မျိုးဆက်ပြန့်ပွား၍ ကမ္ဘာသူ ကမ္ဘာသားတိုင်းအား ချမ်းသာကိုယ်စီဝေငှရန် မြန်မာတို့ရဲ့သမိုင်းပေးတာဝန်၊ ဘဝပေးတာဝန် ကျေပွန်တယ်လို့ပဲ ဝမ်းမြောက်နုမော်သာခုခေါ်ရမယ်။

"ဘုန်းကံနည်းသူတို့သည် သာသနာတော်ကို အနည်းငယ်မျှပင် ချီးမြှောက်ခွင့်မရကြကုန်၊ ဘုန်းကံရှိသူတို့သာလျှင် ရနိုင်ကုန်၏၊ အဘယ်ကြောင့်ဆိုသော် သာသနာတော်သည်အတုမရှိ၊ ဘုန်းကံကြီးမားတော်မူသော ဘုရားရှင်၏ သာသနာတော်ဖြစ်သောကြောင့်ပေတည်း" ဆိုတဲ့ ပေါရာဏဂါထာတော်နဲ့အညီ ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့လင်းစေဖို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်း ကိုယ်စီကိုယ်စီ နိုင်ရာဝန်ဖြင့် ချီးမြှောက်ကြပါစို့။ ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု။ ။

**ကျမ်းကိုး**

ဓမ္မာစရိယ ဦးဌေးလှိုင်၏ "သီဟိုဠ်ခေတ်စံတော်ဝင် အရိယာများ"

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံချီ ဦးတင်ဦးလွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ချီးမြှင့်ခဲ့ပြီးဖြစ်သည့် ဂုဏ်ထူးဆောင်ဘွဲ့များအား အဝေးရောက်လက်ခံယူသည့် ကာယကံရှင်၊ မိသားစုဝင်များထံသို့ လက်ရောက်ချီးမြှင့်အပ်နှင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားများကို အောင်မြင်စွာကျင်းပကာ အခမ်းအနား တက်ရောက်လာသည့် ဘွဲ့ခံပုဂ္ဂိုလ်များထံ ရရှိသည့်ဂုဏ်ထူးဆောင်ဘွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကိုယ်တိုင်တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့ပြီးဖြစ်သည်။

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းအခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက် လက်ခံယူမည့် ဘွဲ့ခံပုဂ္ဂိုလ်များရှိခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဂုဏ်ထူးဆောင်ဘွဲ့များအား အဝေးရောက် လက်ခံယူသည့် ကာယကံရှင်မိသားစုဝင်များရှိရာနေရာများသို့ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် သွားရောက်ပြီး လက်ခံယူသည့် ကာယကံရှင်နှင့် မိသားစုဝင်များထံသို့ လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့သည်။

ထိုသို့ ပေးအပ်ရာတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံချီဦးတင်ဦးလွင်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇေယျကျော်ထင် ဇော်ဟိန်းတို့က စည်သူဘွဲ့ရရှိကြသူ ဦးဝန် (မင်းသုဝဏ်)(စာရေးဆရာ)နှင့် ဦးလွင်(မွန်ပြည်နယ်)(နိုင်ငံတော်ကောင်စီဝင်)တို့ကိုယ်စား သား/သမက်ဖြစ်သူ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်ထံ ဂုဏ်ထူးဆောင်ဘွဲ့များကို လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့ကြောင်း(ဓါတ်ပုံ) သတင်းရရှိသည်။ **သတင်းစဉ်**



ကျန်းမာရေးအခြေအနေအရ အဝေးရောက်လက်ခံယူသည့်ဘွဲ့ခံပုဂ္ဂိုလ်များထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံချီ ဦးတင်ဦးလွင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇေယျကျော်ထင် ဇော်ဟိန်းတို့က နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်တို့နှင့်အတူ

◆ *ကျောဖုံးမှ*

ဖြစ်သော်လည်း နှစ်ဂိုးပြတ် အရေးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးသုံးပွဲ နိုင်ပွဲပျောက်ဆုံးမှုနှင့်အတူ တန်းဆင်းဇုန်အတွင်း ဆက်လက်ရပ်တည်နေခဲ့သည်။

ယခုပွဲစဉ်တွင် စပါးအသင်းသည် ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းဘက်သို့ ခြေအသာ၊ ဂိုးကန်သွင်းခွင့်အသာဖြင့် ပွဲချိန်အများစု ဖိအားပေးကစားနိုင်ခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

လာမည့်ပွဲစဉ်တွင် စပါးအသင်းက အသင်းကြီး ချယ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းက နော်တင်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

❒ *ကျောဖုံးမှ*

သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရတနာပုံအသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ရန်ကုန်အသင်း၊ YUSC ကွင်း၌ မြဝတီအသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**လေးကြိမ်စီဗိုလ်စွဲထား**

ယခုရာသီ MNL ပြိုင်ပွဲကို (၁၄) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ကျင်းပပြီးစီးခဲ့သည့် (၁၃) ကြိမ်တွင် ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံနှင့် ရှမ်းယူနိုက်တက်အသင်းတို့က လေးကြိမ်စီ ဗိုလ်စွဲထားသည်။

**ရဲရင့်လွင်**

# ယှဉ်ပြိုင်မှုဥပဒေနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများအပေါ် အများပြည်သူလွယ်ကူစွာ သိရှိနားလည်စေရေး ဆက်လက်ဆောင်ရွက်မည်



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး (၁/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ကော်မရှင်သို့ တိုင်ကြားမှုများအပေါ် ဆုံးဖြတ်ချက် ချမှတ်ခြင်းကိစ္စများ၊ ယှဉ်ပြိုင်မှုဥပဒေနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများအပေါ် အများပြည်သူ လွယ်ကူစွာ သိရှိနားလည်စေရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ယှဉ်ပြိုင်မှုဥပဒေနှင့် နည်းဥပဒေများအား ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၂၃ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# Basic Social Work Skills Development သင်တန်းဖွင့်ပွဲ ကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

Basic Social Work Skills Development သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းစွမ်းဆောင်ရည်တိုးစေရန်**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ ဖွင့်လှစ်သည့် Basic Social Work Skills Development သင်တန်းကို ပိုမိုကောင်းမွန်သော ပြန်လည်ထူထောင်ရေး လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန် ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရန်၊ လူမှုရေးပညာရပ်ဆိုင်ရာ အခြေခံသဘောတရားတို့ကို သိရှိနားလည်နိုင်စေရန်နှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန၏ မူဝါဒများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အပြင် ၂၀၃၀ အစီအစဉ်ဖြစ်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီစေရေး အကောင်အထည်ဖော်ရာတွင်လည်း လူမှုရေးပညာရပ်သည် အရေးပါသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း၊ လူမှုရေးပညာရပ်သည် မွေးစမှ သေဆုံးသည်အထိ ကူညီဆောင်ရွက်ပေးရသော အရေးပါသည့် အတတ်ပညာရပ်တစ်ခု ဖြစ်ပါကြောင်း၊ သင်တန်းက ပို့ချမည့်သင်ခန်းစာများကို စိတ်ပါဝင်စားစွာဖြင့် သင်ယူ မှတ်သားကြရန်နှင့် လက်တွေ့လုပ်ငန်း နယ်ပယ်အတွက် အသုံးချဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယနေ့သင်တန်းတွင် လူမှုရေးပညာရပ်ဆိုင်ရာ အခြေခံ သဘောတရားများ၊ လူမှုရေးလုပ်ငန်း ဆောင်ရွက်သူများ၏ အခန်းကဏ္ဍ၊ လူမှုရေးလုပ်ငန်း ဆောင်ရွက်သူများ ကျင့်သုံးဆောင်ရွက်ရမည့် အကြောင်းအရာများ၊ လိုက်နာရန် လိုအပ်သော ကျင့်ဝတ်စည်းမျဉ်းများ၊ လူတစ်ဦးချင်း၊ အဖွဲ့လိုက်နှင့် ရပ်ရွာအတွင်း ကူညီဆောင်ရွက်ပေးရမည့် နည်းလမ်းများအပြင် လူမှုကာကွယ်စောင့်ရှောက်ရေး၊ ကျား/မ တန်းတူညီမျှရေး၊ မသန်စွမ်းမှုဆိုင်ရာ လူမှုရေးနည်းလမ်းအရ ကူညီဆောင်ရွက်ပေးနေသော လုပ်ငန်းအစီအစဉ်များနှင့် သက်ဆိုင်သည့် သင်ခန်းစာတို့ကို ဘာသာရပ်ဆိုင်ရာပုဂ္ဂိုလ်များက ယနေ့မှ ဖေဖော်ဝါရီ ၂၂ ရက်အထိ သုံးရက်တာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လက်နက်ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေချီးမြှင့်

**ဘားအံ ဖေဖော်ဝါရီ ၂၀**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လက်နက်ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ အခမ်းအနားဖြင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။




**အလွန်အင်မတန်အန္တရာယ်ကြီး**

ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်က လူ့အသက်အန္တရာယ်ကို ဒုက္ခပေးနိုင်သည့် လက်နက်ခဲယမ်းများသည် အကြမ်းဖက်အဖျက်သမားများထံ ရောက်ရှိသွားပါက လက်နက်ကိုင်၍ အကြမ်းဖက်လူသတ်လမ်းစဉ်များကို ဆောင်ရွက်ကြမည်ဖြစ်သည့်အတွက် အလွန်အင်မတန်မှ အန္တရာယ်ကြီးပါကြောင်း၊ နိုင်ငံရေးဖြစ်စဉ်ပြောင်းလဲသည့်ကာလအတွင်းမှာပင် အကြမ်းဖက်သမားများ၏ လက်နက်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ ၅၅၀၀ ကျော် သေဆုံးခဲ့ရကြောင်း၊ မထင်မှတ်သည့်နေရာမှ သိုဝှက်သယ်ဆောင်လာသည့် လက်နက်များကို အမှုမဲ့အမှတ်မဲ့ ရှာဖွေစစ်ဆေးမည်ဆိုပါက ဖမ်းဆီးရမိမည်မဟုတ်ဘဲ စေ့စေ့စပ်စပ်ရှာဖွေခဲ့သည့်အတွက် ယခုကဲ့သို့ ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း။

**ထိထိရောက်ရောက်တားဆီး**

ထိုသို့ ဆင့်ကဲ ဆင့်ကဲ ဖမ်းဆီးရမိမှုများရှိပါက အကြမ်းဖက်လုပ်ရပ်များကို ထိထိရောက်ရောက် တားဆီးဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုပါကြောင်း၊ ထပ်မံ၍ တာဝန်များထမ်းဆောင်ရာတွင်လည်း ယခုကဲ့သို့ပင် ကြိုးကြိုးစားစားဖြင့် စေ့စပ်သေချာစွာ ဆက်လက်ရှာဖွေဖော်ထုတ်ဖမ်းဆီးပေးစေလိုကြောင်း ပြောကြားသည်။

**ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လက်နက်များဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မတ် ၈ ရက်တွင် စတင်ကျင်းပမည့် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကရင်ပြည်နယ်အတွင်း အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အောင်ချက်ရာခိုင်နှုန်း တိုးတက်မြင့်မားရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ၏ တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကရင်ပြည်နယ်အတွင်း စာစစ်ဌာန ၁၃ ခု၌ ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၈၄၈ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁/၂၀၂၃) နှင့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီများ၏ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက် အမှာစကားပြောကြားပြီး တက်ရောက်ကြသူများက ဝိုင်းဝန်းအကြံပြုဖြည့်စွက် ဆွေးနွေးမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

ကျန်းမာရေးဝန်ကြီးဌာန

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မှ ၂၄ ရက်နေ့အထိ

ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံပြီး ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

**ရှေ့ဆက်ဆောင်ရွက်မည့်အစီအမံများ ဆွေးနွေး**

တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ အဓိကဝင်ပေါက်တစ်ခုဖြစ်သော ရန်ကုန်တိုင်းဒေသကြီးသို့ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လည်ပတ်ရေး၊ ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျ စီမံဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ခရီးသွားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့များနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ



ဟိုတယ်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှ တာဝန်ရှိသူများနှင့် အင်းလျားကန်ဟိုတယ်၌ တွေ့ဆုံပြီး မိမိတို့ ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းတစ်ရပ်အောင်မြင်အောင် ထိန်းကျောင်းတည့်မတ်ပေးခြင်းသာဖြစ်ပြီး ဖြေလျှော့ပေးရန် လိုအပ်သည်များကို ဖြေလျှော့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံပွဲမှ ရရှိသော အကြံပြုဆွေးနွေးချက်များကို ပြန်လည်သုံးသပ်ကာ အစီအစဉ်များရေးဆွဲ၍ အချိန်တိုတိုဖြင့် ထိရောက်အောင် အသင်းအဖွဲ့များဖြင့်ပူးပေါင်း၍ အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း။

ပြည်ပခရီးသွားများ တိုးတက်ဝင်ရောက်လာရေးအတွက် လုပ်ငန်းပိုင်းဆိုင်ရာနှင့် မူဝါဒပိုင်းဆိုင်ရာများ ဟန်ချက်ညီအောင် ဆောင်ရွက်နိုင်ရန် လိုအပ်သည့်အတွက် အားလုံးဝိုင်းဝန်း ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်ရေး အတွက်သာမက ပြည်တွင်းခရီးသွားလုပ်ငန်းကိုလည်း တိုးမြှင့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိတို့၏ ရည်မှန်းစျေးကွက်ကို နားလည်သဘောပေါက်ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖိတ်ခေါ်ရာတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ရရှိအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် ပုဂ္ဂလိက အသင်းအဖွဲ့များနှင့်လုပ်ငန်းရှင်များ လုပ်ငန်းလည်ပတ်ရာတွင် အဆင်ပြေစေရေးအတွက် လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး**

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက အသင်းလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိသော ကိစ္စရပ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဟိုတယ်နှင့်ခရီးသွား အသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများနှင့်ပူးပေါင်း၍ သာယာလှပသည့် ခရီးသွားဆွဲဆောင်ရာနေရာများ ပေါ်ထွက်လာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်း ကျွမ်းကျင်မှုအရည်အချင်း မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံ့ဝန်ထမ်း ကျွမ်းကျင်မှုအရည်အချင်း မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေးက ပြည်ထောင်စုရာထူးဝန် အဖွဲ့အနေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများမှ တွေ့ရှိချက်နှင့် အကြံပြုချက်များအပေါ် အခြေခံ၍ အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်စေမည့် ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင်လည်း ရာထူးဝန်အဖွဲ့အတွက် ထိရောက်အကျိုးရှိစေပြီး တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်နွှယ်လွှမ်းခြုံမှုရှိသည့် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန်နှင့် ထိရောက်အကျိုးရှိစေမည့် နည်းလမ်းများ ဖော်ထုတ်နိုင်ရေး ဆွေးနွေးအဖြေရှာကြရန်လိုကြောင်း၊ ပါဝင်ဆွေးနွေးသူများအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများကို အခြေခံ၍ ရှင်းလင်းတင်ပြပါက ပိုမိုအကျိုးရှိစေမည်ဖြစ်ပြီး လက်တွေ့ကို အခြေခံသည့် ရလဒ်ကောင်းများကိုလည်း ဖော်ထုတ်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက်အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ကို ဆက်လက်ကျင်းပရာ "နိုင်ငံ့ဝန်ထမ်းများအား အတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ဆောင်ရွက်ခြင်း" ခေါင်းစဉ်၊ "နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို စောင့်ကြည့်စစ်ဆေးခြင်း" ခေါင်းစဉ်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့တွင် "အတတ်ပညာဆိုင်ရာ ကျွမ်းကျင် ဝန်ထမ်းများအတွက် အဖွဲ့အစည်း၏ ကတိကဝတ်များ ခိုင်မာအားကောင်းစေရေး ဆောင်ရွက်ခြင်း" ခေါင်းစဉ်၊ "အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်သည့် တန်ဖိုးထားလေးစားထိုက်သော နိုင်ငံ့ဝန်ထမ်းများ မွေးထုတ်နိုင်ရေး ဆောင်ရွက်ခြင်း" ခေါင်းစဉ်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကာ ဆွေးနွေးပွဲနောက်ဆုံးနေ့တွင် ပထမနေ့နှင့် ဒုတိယနေ့များ၌ ဆွေးနွေးခဲ့သည့် ခေါင်းစဉ်အလိုက် စုဖွဲ့၍ဆွေးနွေးခြင်း၊ ယင်းဆွေးနွေးမှု ရလဒ်များအား ပြန်လည်တင်ပြခြင်းနှင့်



ဆွေးနွေး တင်ပြခဲ့သည့်အပေါ် တစ်ဦးချင်းအလိုက်၊ အုပ်စုအလိုက် ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ပေးခြင်းဖြင့် တွေးခေါ်ယူဆချက်များ ပြောင်းလဲစေရန်၊ ကျွမ်းကျင်မှု အရည်အချင်းများ ပြည့်ဝလာစေခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများ၊ အားနည်းချက်များ၊ ကွာဟချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ယခုအလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အိန္ဒိယနိုင်ငံ၏ တတိယမြောက် လမစ်ရှင်အာကာသယာဉ် စမ်းသပ်မှု အောင်မြင်စွာပြီးဆုံး

**နယူးဒေလီ ဖေဖော်ဝါရီ ၂၀**



အိန္ဒိယနိုင်ငံ၏တတိယမြောက် လမစ်ရှင် ချန်ဒရာယန်း - ၃ သည် အာကာသပတ်ဝန်းကျင်ရှိ ဂြိုဟ်တုစနစ်ခွဲများ၏ လုပ်ဆောင်နိုင်စွမ်းနှင့် လျှပ်စစ်သံလိုက်များနှင့်ပတ်သက်သည့် အဓိက စမ်းသပ်မှုတစ်ခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားသည်။

အဆိုပါ စမ်းသပ်မှု အောင်မြင်ခြင်းကို ဂြိုဟ်တုစနစ်များဖြင့် အကောင်အထည်ဖော်ရာတွင် အဓိက မှတ်တိုင်တစ်ခုအဖြစ် အိန္ဒိယအာကာသသုတေသနအဖွဲ့ (အိုင်အက်စ်အာရ်အို) က ဖော်ပြခဲ့သည်။

အိုင်အက်စ်အာရ်အို ၏ အဆိုအရ ချန်ဒရာယန်း - ၃ သည် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အတွင်း အီလက်ထရွန်နစ် နှောင့်ယှက်မှု/ လျှပ်စစ်သံလိုက်ဆိုင်ရာ လိုက်ဖက်မှုဆိုင်ရာ စမ်းသပ်မှုများကို ဘန်ဂလိုမြို့ရှိ ယူအာရ်ရော ဂြိုဟ်တုစင်တာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံက ချန်ဒရာ ယန်း - ၃ ကို ဇွန်လတွင် လွှတ်တင်ရန် စီစဉ်ထားသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှား၌ မီးရှူးမီးပန်း ပေါက်ကွဲမှုကြောင့် လေးဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိ

**ဂျကာတာ ဖေဖော်ဝါရီ ၂၀**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ဘလစ်တာမြို့ရှိ ရွာတစ်ရွာ၌ ဖေဖော်ဝါရီ ၁၉ ရက် ညနေပိုင်းက ကြီးမားသည့် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားပြီး လေးဦးသေဆုံးကာ ၁၃ ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်စဉ်အတွင်း သေဆုံးသူအားလုံးသည် မိသားစုတစ်စုတည်းမှဖြစ်ပြီး ဖခင်တစ်ဦး၊ ၎င်း၏ကလေးနှစ်ဦးနှင့် တူဖြစ်သူတို့ဖြစ်ကြောင်း၊ အဆိုပါ ပေါက်ကွဲမှုကြောင့် ရွာသား ၁၃ ဦးထက် မနည်း ဒဏ်ရာရခဲ့ပြီး နေအိမ် ၂၀ ကျော် ပျက်စီးခဲ့ကြောင်း ဘလစ်တာမြို့ ရဲချုပ် အာဂို ဝီယိုနိုက ဒေသဆိုင်ရာ မီဒီယာများသို့ ပြောကြားသည်။ အစ္စလာမ်ဥပုသ်လမတိုင်မီ မီးရှူးမီးပန်းများ ပြင်ဆင်နေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်နိုင်သည်ဟု ရဲတပ်ဖွဲ့က သံသယရှိနေသည်။

အဆိုပါနေရာကို စစ်ဆေးရန်အတွက် ရဲတပ်ဖွဲ့က မိုင်းရှာဖွေရေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ထားပြီး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေချိန်တွင် ဒေသခံများကို အဆိုပါနေရာနှင့် ဝေးဝေးနေရန် တောင်းဆိုထားသည်။

**ဆင်ဟွာ**



# ရာသီဥတုဆိုးရွားမှုကြောင့် လမ်းပျောက်နေသော တောင်တက်လူငယ် ၃၃ ဦးကို သီရိလင်္ကာရဲတပ်ဖွဲ့ ကယ်တင်နိုင်ခဲ့

**ကိုလံဘို ဖေဖော်ဝါရီ ၂၀**

သီရိလင်္ကာရဲတပ်ဖွဲ့သည် မိုးသည်းထန်စွာရွာသွန်းပြီး မြူထူထပ်စွာ ကျဆင်းခြင်းကြောင့် ၁၅၅ စတုရန်းကီလိုမီတာ ကျယ်ဝန်းသော နက်ကလက်စ်တောင်တန်း၌ လမ်းပျောက်နေသော တောင်တက်လူငယ် ၃၃ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောသည်။

ရဲတပ်ဖွဲ့ဝင်များက တောင်တက်လူငယ်များ ပျောက်ဆုံးသွားကြောင်း သတင်းရပြီးနောက် ရဲအရာရှိ အဖွဲ့တစ်ဖွဲ့၊ သစ်တောထိန်းသိမ်းရေးအရာရှိများနှင့် တပ်မတော်အရာရှိများက ဖေဖော်ဝါရီ ၁၉ ရက် ညနေပိုင်းတွင် ကယ်ဆယ်ရေးလုပ်ငန်း စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်တက်လူငယ်များသည် တောင်တက်အဖွဲ့၏ အဖွဲ့ဝင်များဖြစ်သည်။ နက်ကလက်စ်တောင်တန်းသည် သီရိလင်္ကာနိုင်ငံ အလယ်ပိုင်းတွင်တည်ရှိပြီး အမြင့် မီတာ ၉၀၀ နှင့် ၁၉၀၀ အကြားရှိ တောင်ထွတ် ၃၄ ခုရှိကာ တောင်တက်သမားများအတွက် အသွားအလာများသည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

နှစ်စဉ်နှစ်တိုင်း တောင်တက်အဖွဲ့များသည် ရာသီဥတု ဆိုးရွားမှုကြောင့် လမ်းပျောက်လေ့ရှိသည်ဟု ဆိုသည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၌ ၂၀၂၂ ခုနှစ်တွင် သက်ကြီးပိုင်းအရွယ်များ မိမိကိုယ်ကိုယ် သေကြောင်းကြံစည်မှု မြင့်တက်လာဟုဆို

**ဆိုးလ် ဖေဖော်ဝါရီ ၂၀**

တောင်ကိုရီးယားနိုင်ငံ၌ တစ်ဦးတည်းနေထိုင်သော သက်ကြီးရွယ်အိုနှုန်း လျင်မြန်စွာ မြင့်တက်လာမှုနှင့်အတူ ၂၀၂၂ ခုနှစ်တွင် မိမိကိုယ်ကိုယ် သေကြောင်းကြံစည်မှုနှုန်းသည်လည်း မြင့်တက်လာကြောင်း ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖော်ပြသော တရားဝင်စာရင်းအင်းအချက်အလက်အရ သိရသည်။

၂၀၂၂ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံသား ၁၀၀၀၀၀ တိုင်းတွင် မိမိကိုယ်ကိုယ်သေကြောင်းကြံစည်သူ ၂၆ ဒသမ ၀ ဦးရှိပြီး ယခင်နှစ်ကထက် ၀ ဒသမ ၃ ဦး တိုးလာကြောင်း ကိုရီးယားစာရင်းအင်း၏ ထုတ်ပြန်ချက်အရ သိရသည်။ သေကြောင်းကြံစည်မှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်က ၁၃ ဒသမ ၇ ဦးရှိရာမှ ၂၀၀၅ ခုနှစ်တွင် ၂၄ ဒသမ ၇ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။ ထိုနည်းတူ ၂၀၁၁ ခုနှစ်တွင် အမြင့်ဆုံး ၃၁ ဒသမ ၇ ဦးအထိ ရှိခဲ့သော်လည်း ထိုနှစ်နောက်ပိုင်းတွင် အကျဘက် ဦးတည်လာခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အနိမ့်ဆုံး ၂၄ ဒသမ ၃ ဦးအထိ ကျဆင်းလာခဲ့သည်။

၂၀၂၂ ခုနှစ်တွင် မိမိကိုယ်ကိုယ် သေကြောင်းကြံစည်မှုသည် သက်ကြီးပိုင်းအရွယ်အများဆုံးဖြစ်ပြီး အသက် ၇၀ အရွယ် သေကြောင်းကြံစည်မှုနှုန်းမှာ ၂၀၂၂ ခုနှစ်တွင် ၄၁ ဒသမ ၈ ဦးနှင့် အသက် ၈၀ အရွယ်နှင့်အထက် သေဆုံးမှုနှုန်းမှာ ၆၁ ဒသမ ၃ ဦးရှိကြောင်း သိရသည်။ အသက် ၂၀ အရွယ်မှာ ၂၃ ဒသမ ၅ ဦးရှိပြီး အသက် ၄၀၊ ၅၀၊ နှင့် ၆၀ အရွယ်မှာ ၃၀ ဝန်းကျင်ရှိကြောင်း သိရသည်။ အမျိုးသား သေကြောင်းကြံစည်မှုသည် အမျိုးသမီးများ သေကြောင်းကြံစည်မှု ၁၆ ဒသမ ၂ ဦးထက် နှစ်ဆကျော် ၃၅ ဒသမ ၉ ဦးရှိသည်။

တောင်ကိုရီးယားနိုင်ငံသည် မိမိကိုယ်ကိုယ်သေကြောင်းကြံစည်မှုနှုန်းစာရင်းမှာ၂၀၁၉ ခုနှစ်၌ လူ ၁၀၀၀၀၀ လျှင် ၂၅ ဒသမ ၄ ဦး ရှိသည့်အတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအဖွဲ့၏ အဖွဲ့ဝင်စာရင်းများတွင် ထိပ်ဆုံး၌ရှိကြောင်း စာရင်းအင်းအေဂျင်စီ၏ ဖော်ပြချက်အချက်အရ သိရသည်။

**ဆင်ဟွာ**

# တရုတ် - မွန်ဂိုလီးယားနယ်စပ်အနီး၌ ရှားပါးတောရိုင်းမြည်းများ တွေ့ရှိ

**ဟိုးဟော့ ဖေဖော်ဝါရီ ၂၀**

ရှားပါးနို့တိုက်သတ္တဝါများအတွက် သဘာဝပတ်ဝန်းကျင်ကို မြှင့်တင်ကာကွယ်ပေးခြင်းဖြင့် တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မွန်ဂိုလီးယားတောရိုင်းမြည်းတစ်အုပ်ကို ကင်းလှည့် သူများက မကြာသေးမီက တွေ့ရှိခဲ့ကြသည်။

အူရတ်ဘက် ဘန်နာ၏ သစ်တောနှင့် မြက်ခင်းပြင် အုပ်ချုပ်ရေးအဖွဲ့၏ အဆိုအရ ယခုလအစောပိုင်းတွင် အဆိုပါ မြည်းရှစ်ကောင်ကို တရုတ်- မွန်ဂိုလီးယားနယ်စပ်အနီး အူရတ် သဘာဝဘေးမဲ့တောတွင် မြင်တွေ့ခဲ့ရသည်။

ရှားရှားပါးပါး စားကျက်ကို နေ့တိုင်း ထွက်လာသည့် ယင်းမြည်းရိုင်းများကို ၎င်းတို့ တွေ့ခဲ့ရကြောင်း၊ ၎င်းတို့ကို မကြောက်ရန် အဝေးကနေ စောင့်ကြည့်ပြီး မြက်ပင်များ ချထားပေးခဲ့ကြောင်း ဒေသခံတစ်ဦးဖြစ်သူ ဘာတုက ပြောသည်။

**ဆင်ဟွာ**



တရုတ် - မွန်ဂိုလီးယားနယ်စပ်အနီး အူရတ်သဘာဝဘေးမဲ့တောတွင် မြင်တွေ့ရသည့်မြည်းများ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

(၂၀-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၅၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၁၉,၁၁၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၀၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင်ပြန်လည်ကောင်းမွန်လာသူ (၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၆၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၀ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၅ | ၂၂၀၀ | ၂၁၈၅ | ၂၁၆၀ | ၂၂၆၀ | ၂၂၇၅ | ၂၁၇၀ | ၂၁၇၅ | ၂၂၁၅ | ၂၂၁၅ | ၂၂၁၅ | ၂၄၄၅ | ၂၈၁၀ |
| 95 Ron | ၂၂၀၀ | ၂၂၅၀ | ၂၂၅၀ | ၂၂၁၀ | ၂၂၅၀ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၅ | ၂၃၃၅ | ၂၃၅၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၉၀ | ၂၅၂၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၆၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၇၀ | ၂၂၁၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၃၁၅ | ၂၃၀၀ | ၂၂၀၅ | ၂၂၁၅ | ၂၂၅၀ | ၂၂၅၀ | ၂၂၅၅ | ၂၄၈၀ | ၃၁၆၀ |
| HSD (50 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၀၀ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၆၀ | ၃၁၉၀ |
| HSD (10 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၀၀ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၆၀ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၀ | ၂၀၉၄ |
| 95 Ron | ၂၀၉၀ | ၂၁၆၆ |
| HSD (500 ppm) | ၂၀၅၈ | ၂၁၂၈ |
| HSD (50 ppm) | ၂၁၃၂ | ၂၂၀၄ |
| HSD (10 ppm) | ၂၁၃၂ | ၂၂၀၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# တောင်ကုတ်မြို့၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကသုတဗုဒ္ဓဆရာတော်ကြီး ၈ ပါးတို့အား ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ကျောင်းဆောင်တော် ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အလွန်ခက်ခဲနက်နဲလှသည့် တရားဒေသနာအစုံ ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းစာများကို အဋ္ဌကထာကျမ်းစာများ၊ ဋီကာကျမ်းစာများနှင့်တကွ အာဂုံပြန်ဆိုနှင့် သဘောရေးဖြေ ဖြေဆိုအောင်မြင်တော်မူသည့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက သုတဗုဒ္ဓဆရာတော်ကြီး ၈ ပါးတို့အား ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့ရှိ မဟော်သဓာအခမဲ့ ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ ပြုလုပ်ရာ ၆ ပါးမြောက် ဆဋ္ဌတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရေစကြို ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အလှူရှင် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်



တက်ရောက်လာကြသူများက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်တော်မူကြပြီး ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့မိ/မြို့ဖ ဦးကျောက်တောင်က တိပိဋကပူဇော်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ဝမ်းမြောက်စကားလျှောက်ထားပြီး တောင်ကုတ်တက္ကသိုလ်မှ ပထမနှစ်သင်္ချာကျောင်းသူတေးသံရှင် မဆုနှင်းထက်က ပိုဒ်စုံရတု တေးထပ်ဖြင့် ပူဇော်၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ၈ ပါးတို့၏ ထေရုပ္ပတ္တိအကျဉ်းကို ရွတ်ဖတ်ပူဇော်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် (ဓါတ်ပုံ)၊ တိုင်းမှူးနှင့် အလှူရှင်များက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ၈ ပါးနှင့် ပင့်သံဃာတော်များအား ဂုဏ်ပြုလက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး တိပိဋကဓရ ရမ္မာဝတီ ဆရာတော်ထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ မဟော်သဓာကိုယ်ပိုင်အထက်တန်းကျောင်းဝင်းအတွင်း ဆောက်လုပ်လှူဒါန်းသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ကျောင်းဆောင်တော် ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်းဆောင်ရှေ့၌ ကျင်းပရာ ရမ္မာဝတီ ဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ကျောင်းဆောင်တော်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မော်တော်ဆိုင်ကယ်အရောင်းပြခန်း (Show Room)တွင် ရောင်းချရန် မော်တော်ဆိုင်ကယ်တင်သွင်းရာ၌ လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်သည့် အမိန့်ကြော်ငြာစာ

၁။ မော်တော်ဆိုင်ကယ်အရောင်းပြခန်း (Show Room) တွင် ရောင်းချရန် မော်တော်ဆိုင်ကယ်တင်သွင်းရာ၌ အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(က) မော်တော်ဆိုင်ကယ်အရောင်းပြခန်း ဖွင့်လှစ်ရန် မြန်မာနိုင်ငံသားမှဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားဖက်စပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။

( ခ ) တစ်ဖက်နိုင်ငံရှိ ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာရုံး (Regional Office) မှ ဖြစ်စေ၊ မော်တော်ဆိုင်ကယ်အသစ်များ ဖြန့်ဖြူးရောင်းချရေး ကိုယ်စားလှယ် (Distributorship) သို့မဟုတ် အရောင်းကိုယ်စားလှယ် (Dealership) အဖြစ် တရားဝင် ခန့်အပ်ခြင်းခံရသည့် ကုမ္ပဏီဖြစ်ရမည်။

( ဂ ) လျှပ်စစ်ဆိုင်ကယ်တင်သွင်းမှုများ၌ တပ်ဆင်အသုံးပြုသည့် ဘက်ထရီ(Battery)များ အပါအဝင် အရည်အသွေးပိုင်းဆိုင်ရာ အာမခံမှု၊ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုများ (After Sale Service) ပေးခြင်း၊ အပိုပစ္စည်းများ (Spare Parts) ပံ့ပိုးပေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဝန်ဆောင်မှုစင်တာ (Maintenance & Services Center) များ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည့် ကုမ္ပဏီဖြစ်ရမည်။

(ဃ) မော်တော်ဆိုင်ကယ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့်ဘဏ်တွင် မြန်မာငွေကျပ်သိန်း ၅၀၀ ပေးသွင်းနိုင်ကြောင်း ဘဏ်အာမခံချက် (Bank Guarantee) တင်ပြရမည်။

( င ) မော်တော်ဆိုင်ကယ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီများသည် ပြည်တွင်းအခွန်များဦးစီးဌာနမှ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် လုပ်ငန်းအမျိုးအစားအလိုက် ထုတ်ပေးထားသည့် အခွန်ပေးဆောင်ပြီးကြောင်း ထောက်ခံချက် ပုံစံတင်ပြရမည်။

( စ ) အရောင်းပြခန်းဖွင့်လှစ်မည့်နေရာကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဆ) မော်တော်ဆိုင်ကယ်အရောင်းပြခန်း (ရုံးခန်း၊ ဧည့်နားနေခန်းနှင့် ရောင်းချပြီး နောက်ပိုင်း ဝန်ဆောင်မှုစင်တာ (After Sale Service Center အပါအဝင်) ၏ အကျယ်အဝန်းသည် အနည်းဆုံး စတုရန်းပေ ၅၀၀၀ ရှိရမည်။

( ဇ ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားစဉ်ကာလအတွင်း သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မော်တော်ဆိုင်ကယ် အရောင်းပြခန်း ဖွင့်လှစ်ခြင်းသည် မှန်ကန်ကြောင်း ထောက်ခံချက်ဖြင့် ခြောက်လ ယာယီခွင့်ပြုနိုင်သည်။

( ဈ ) မော်တော်ဆိုင်ကယ် အရောင်းပြခန်းရုံးခွဲများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်နိုင်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းလုပ်ကိုင်ခွင့်ရယူရမည်။

(ည) မော်တော်ဆိုင်ကယ် အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းလာသည့် မော်တော်ဆိုင်ကယ်များသည် အသုံးမပြုရသေးသောအသစ် (Brand New) ဖြစ်ရမည်။

( ဋ ) တင်သွင်းလာမည့် မော်တော်ဆိုင်ကယ်များ၏ ထုတ်လုပ်သည့်ခုနှစ် (Model Year) သည် ရောက်ရှိသည့်ခုနှစ်မှ နှစ်နှစ်အတွင်း ထုတ်လုပ်ထားသည့် မော်တော်ဆိုင်ကယ်များ ဖြစ်ရမည်။

( ဌ ) မော်တော်ဆိုင်ကယ်အရောင်းပြခန်းတွင် ပြသရောင်းချမည့် မော်တော်ဆိုင်ကယ်များကို တင်သွင်းရာတွင် ငွေလွှဲစာတမ်းဖြင့်ပေးချေသည့်စနစ် (Letter of Credit – LC) သို့မဟုတ် ကြေးနန်းငွေလွှဲပို့နည်းစနစ် (Telegraphic Transfer – TT) ဖြင့် တင်သွင်းနိုင်သည်။

( ဍ ) မော်တော်ဆိုင်ကယ်များကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်း ဆိပ်ကမ်း သို့မဟုတ် သက်ဆိုင်ရာ နယ်စပ်ကုန်သွယ်ရေး စခန်းအရောက် တင်သွင်းရမည်။

( ဎ ) မော်တော်ဆိုင်ကယ်အရောင်းပြခန်းများတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့် မော်တော်ဆိုင်ကယ် အရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လိုအပ်ချက်နှင့်အညီ ထုတ်ပြန်သတ်မှတ်သည့်အရေအတွက်နှင့် အမျိုးအစားများအတိုင်းသာ တင်သွင်းရမည်။

(ဏ) တင်သွင်းလာသော မော်တော်ဆိုင်ကယ်များကို သတ်မှတ်ထားသော အရောင်းပြခန်းတွင်သာ ထားရှိရမည်။ ယင်းအရောင်းပြခန်းမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်းကို ဆောင်ရွက်လိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ကြိုတင်ခွင့်ပြုချက် တောင်းခံဆောင်ရွက်ရမည်။

(တ) မော်တော်ဆိုင်ကယ်အရောင်းပြခန်းဖွင့်လှစ်ခွင့်ရရှိသည့် ကုမ္ပဏီသည် ခွင့်ပြုထားသော မော်တော်ဆိုင်ကယ် တင်သွင်းခွင့်လိုင်စင်ကို အခြားသူတစ်ဦးသို့ လွှဲပြောင်း ရောင်းချခြင်း မပြုရ။

(ထ) မော်တော်ဆိုင်ကယ် အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းခဲ့သည့် မော်တော်ဆိုင်ကယ်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်း၊ စာရင်းဇယား အထောက်အထားစသည်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းကဖြစ်စေ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာ လုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

( ဒ ) အရောင်းပြခန်းလက်မှတ်၊ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ်တို့ကို သက်တမ်းမကုန်မီ ၉၀ ရက်ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပြီး ထိုသို့လျှောက်ထားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးသည့် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပါရှိရမည်။

၂။ အပိုဒ် ၁ ပါ စည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## လူသုံး၊ အိမ်သုံးကုန် ပစ္စည်းများ ရောင်းချ

**ပဲခူး ဖေဖော်ဝါရီ ၂၀** – သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ အသင်းသား ပြည်သူများ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်စေရန်အတွက် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် နန်းတော်ရာစက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်းလီမိတက် အရောင်းဆိုင်နှင့် ဒိုက်ဦးမြို့နယ် သမဝါယမအသင်းစုလီမိတက် အခြေခံစားကုန် အရောင်းဆိုင်များမှ ဆန်၊ ဆီ အပါအဝင် လူသုံးကုန်နှင့် အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို အသင်းသားပြည်သူများသို့ ရောင်းချနေလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အစပျိုးစမ်းသပ်ကာလ (Pilot Project)အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ် တင်သွင်းခြင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်သည့် အမိန့်ကြော်ငြာစာ

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် အစပျိုးစမ်းသပ်ကာလ (Pilot Project) အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ်များ တင်သွင်းခြင်းအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) လျှပ်စစ်သုံးယာဉ်တင်သွင်းမည့်ကုမ္ပဏီသည် အရောင်းပြခန်းဖွင့်လှစ်ခွင့် လက်မှတ်ရရှိထားခြင်း မရှိသေးပါက အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(၁) မြန်မာနိုင်ငံသားက ဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ဆောင်ရွက်ခြင်း ဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။

(၂) တင်သွင်းမည့် လျှပ်စစ်သုံးယာဉ်၏ အမှတ်တံဆိပ် (Brand) တစ်ခုစီအတွက် ရောင်းချသည့် ကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် အရောင်းအဝယ်သဘောတူစာချုပ် တင်ပြနိုင်သူ ဖြစ်ရမည်။

(၃) အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ရရှိပြီး ဖြစ်ရမည်။

( ခ ) အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ သတ်မှတ်ထားသည့်စံချိန်စံညွှန်းနှင့် ခွင့်ပြုထားသည့် အစီးအရေအတွက် အတိုင်းသာ တင်သွင်းရမည်။

( ဂ ) တင်သွင်းမည့် လျှပ်စစ်သုံးယာဉ်များအတွက် လိုအပ်သည့် အာမခံမှု၊ အပိုပစ္စည်းများ(Spare Parts) ရရှိနိုင်မှုနှင့် သုံးစွဲပြီးနောက်ပိုင်း ပြင်ဆင်မှုများကို ဆောင်ရွက်နိုင်သည့် အစီအမံ ထားရှိရမည်။

(ဃ) လျှပ်စစ်သုံးယာဉ် တင်သွင်းရောင်းချမည့် ကုမ္ပဏီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့်ဘဏ်တွင် မြန်မာငွေကျပ်သိန်း ၅၀၀ ပေးသွင်းနိုင်ကြောင်း ဘဏ်အာမခံချက်(Bank Guarantee) တင်ပြရမည်။

( င ) လျှပ်စစ်သုံးယာဉ်တင်သွင်းရောင်းချခွင့်ရသည့် ကုမ္ပဏီသည် တင်သွင်းလာသော ယာဉ်များအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူခွင့်ပါမစ် လျှောက်ထားရမည်။

၂။ ဤအမိန့်ကြော်ငြာစာပါ လျှပ်စစ်သုံးယာဉ်ဟူသော စကားရပ်တွင် လျှပ်စစ်သုံးလူစီးယာဉ်နှင့် ခရီးသည်တင်ယာဉ်တို့ အကျုံးဝင်ပြီး BEV (Battery Electric Vehicle)ယာဉ်များသာဖြစ်ရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ အကျိုးသက်ရောက်စေရမည်။

၄။ ဤအမိန့်ကြော်ငြာစာပါ သတ်မှတ်ချက်များအား လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်သွားမည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## မော်တော်ယာဉ်အရောင်းပြခန်း (Show Room) တွင် ရောင်းချရန် မော်တော်ယာဉ်တင်သွင်းရာ၌ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်သည့် အမိန့်ကြော်ငြာစာ

၁။ မော်တော်ယာဉ်အရောင်းပြခန်း (Show Room) တွင် ရောင်းချရန် မော်တော်ယာဉ်တင်သွင်းရာ၌ အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ရန် မြန်မာနိုင်ငံသားမှဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနတွင် ဝန်ဆောင်မှုကုမ္ပဏီအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ကုမ္ပဏီဖြစ်ရမည်ဖြစ်ပြီး ယင်းကုမ္ပဏီသည် တစ်ဖက်နိုင်ငံရှိ ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာရုံး (Regional Office) မှဖြစ်စေ မော်တော်ယာဉ်အသစ်များ ဖြန့်ဖြူးရောင်းချရေး ကိုယ်စားလှယ် (Distributorship) သို့မဟုတ် အရောင်းကိုယ်စားလှယ် (Dealership) အဖြစ် တရားဝင်ခန့်အပ်ခြင်းခံရသည့် ကုမ္ပဏီဖြစ်ရမည်။

( ခ ) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် ပြည်တွင်းအခွန်များဦးစီးဌာနတွင် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်တင်ပြရမည်။

( ဂ ) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီသည် အာမခံငွေ (Deposit) အဖြစ် မြန်မာငွေကျပ် သိန်း (၁၀၀၀) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့် ဘဏ်တွင် သီးခြားငွေစာရင်းဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းထားရမည်။

(ဃ) မော်တော်ယာဉ်အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းလာသည့် မော်တော်ယာဉ်များသည် အသုံးမပြုရသေးသောအသစ် (Brand New) ဖြစ်ရမည်။

( င ) တင်သွင်းလာမည့် မော်တော်ယာဉ်များ၏ Model Year သည် ရောက်ရှိသည့် ခုနှစ်နှင့် ရောက်ရှိသည့် ခုနှစ်၏ တစ်နှစ်အောက်နိမ့်သော မော်ဒယ်နှစ်ဖြစ်ပြီး ဘယ်မောင်း စတီယာရင်ယာဉ်ကိုသာ တင်သွင်းရမည်။

( စ ) မော်တော်ယာဉ်အရောင်းပြခန်းတွင် ပြသရောင်းချမည့် မော်တော်ယာဉ်များကို တင်သွင်းရာတွင် အပ်ကုန်စနစ် (Consignment Basic) အပြင် ငွေလွှဲစာတမ်းဖြင့် ပေးချေသည့်စနစ် (Letter of Credit – LC) သို့မဟုတ် ကြေးနန်းငွေလွှဲပို့နည်းစနစ် (Telegraphic Transfer – TT) ဖြင့် တင်သွင်းနိုင်သည်။

(ဆ) မော်တော်ယာဉ်များကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်း ဆိပ်ကမ်း သို့မဟုတ် သက်ဆိုင်ရာ နယ်စပ်ကုန်သွယ်ရေးစခန်းအရောက် တင်သွင်းရမည်။

( ဇ ) မော်တော်ယာဉ် အရောင်းပြခန်းများတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့် မော်တော်ယာဉ်အရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့် အရေအတွက်အတိုင်းသာ တင်သွင်းရမည်ဖြစ်ပြီး နှစ်စဉ်အတည်ပြုထုတ်ပြန်သော မော်တော်ယာဉ်အမျိုးအစားများအတိုင်းသာ တင်သွင်းရမည်။

( ဈ ) တင်သွင်းလာသော မော်တော်ယာဉ်များကို သတ်မှတ်ထားသော မော်တော်ယာဉ် အရောင်းပြခန်းနှင့် သိုလှောင်ရုံတွင်သာ ထားရှိရမည်။ ယင်းအရောင်းပြခန်းမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်းကို ဆောင်ရွက်လိုပါက သီးခြားခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ဝယ်သူအား ရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရ။

(ည) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားစဉ်ကာလအတွင်း အခြားအခြေခံအချက်များ ပြည့်စုံပြီးဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မှန်ကန်ကြောင်း ထောက်ခံချက်ဖြင့် (၆) လ ယာယီခွင့်ပြုနိုင်သည်။

( ဋ ) မော်တော်ယာဉ်အရောင်းပြခန်းကို အဆင့်မီစွာ တည်ထောင်ဆောင်ရွက်ရမည်။

( ဌ ) တင်သွင်းသည့် မော်တော်ယာဉ်အသစ်များအတွက် လိုအပ်သည့်အာမခံမှု၊ အပိုပစ္စည်းများ (Spare Parts) ရောင်းချနိုင်မှု၊ ရောင်းချပြီးနောက်ပိုင်း ပြင်ဆင်မှုများ (After Sale Services) များကို ဆောင်ရွက်နိုင်မည့် အလုပ်ရုံကို တည်ထောင်ဆောင်ရွက်ရမည်။

( ဍ ) အရောင်းပြခန်းဖွင့်လှစ်မည့်နေရာနှင့် သိုလှောင်ရုံသတ်မှတ်ချက်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

( ဎ ) မော်တော်ယာဉ်အရောင်းပြခန်းနှင့် သိုလှောင်ရုံနေရာသည် ယင်းအရောင်းပြခန်း ဖွင့်လှစ်မည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ တည်ရှိရမည်။

(ဏ) မော်တော်ယာဉ်အရောင်းပြခန်း၏ အကျယ်အဝန်းသည် စတုရန်းပေ (၁၄၀၀၀) နှင့် သိုလှောင်ရုံ၏ အကျယ်အဝန်းသည် စတုရန်းပေ (၅၀၀၀) ရှိရမည်။

(တ) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ခွင့်ရရှိသည့်ကုမ္ပဏီသည် ခွင့်ပြုထားသော မော်တော်ယာဉ်တင်သွင်းခွင့်လိုင်စင်ကို အခြားသူတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်း မပြုရ။

(ထ) အရောင်းပြခန်းများမှ ရောင်းချသည့် မော်တော်ယာဉ်များကို ဝယ်ယူအသုံးပြုသူအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူခွင့်ပါမစ် ရရှိပြီးမှသာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ခြင်း ဆောင်ရွက်ရမည်။

( ဒ ) မော်တော်ယာဉ်အရောင်းပြခန်းဖွင့်လှစ်သည့် ကုမ္ပဏီသည် အရောင်းပြခန်းတွင် (၂) နှစ်အတွင်း မရောင်းရသော မော်တော်ယာဉ်များ သို့မဟုတ် လုပ်ငန်းရပ်ဆိုင်း၍ ကျန်ရှိနေသော မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းခြင်းနှင့် မှတ်ပုံတင်ခြင်းကို ဆိပ်ကမ်းရောက်ရှိပြီး (၂) နှစ်အတွင်း အပြီးဆောင်ရွက်ရမည်။

( ဓ ) မော်တော်ယာဉ်အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ ထားရှိရမည့် စာရွက်စာတမ်း၊ လယ်ဂျာစာရင်းစာအုပ် စသည်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းကဖြစ်စေ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

( န ) အရောင်းပြခန်းလက်မှတ်၊ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ်တို့ကို သက်တမ်းမကုန်မီ ၉၀ ရက်ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပြီး ထိုသို့လျှောက်ထားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးသည့် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပါရှိရမည်။

၂။ အပိုဒ် ၁ ပါ စည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ပစ်မှတ်ထံမှ OTP (One Password) ရအောင် တောင်းယူ၍ ငွေရယူမှုအဆင့်ဆင့်




❖ *ကျောဖုံးမှ*

ဆက်သွယ်ရေးကွန်ရက်အသုံးပြု၍ ငွေကြေးလိမ်လည်လွှဲပြောင်းထုတ်ယူသူများဖြစ်ကြသည့် နိုင်ဂျီးရီးယားနိုင်ငံသားနှင့် ၎င်း၏ဇနီးဖြစ်သူ နိုင်ဂျီးရီးယားနိုင်ငံသူတို့နှစ်ဦးကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် Star City အိမ်ရာအမှတ်(၁၈၀၂)၊ တိုက်(C-4)တွင် ပြစ်မှုကျူးလွန်ရာ၌ အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများ၊ လိမ်လည်လွှဲပြောင်းထုတ်ယူရာမှရရှိခဲ့သည့် ငွေများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

### ပူးပေါင်းပါဝင်ကျူးလွန်သူများဖမ်းဆီးရမိ

ဖမ်းဆီးရမိသူ နိုင်ဂျီးရီးယားနိုင်ငံသားများ၏ ထွက်ဆိုချက်များအရ Bank Account များအတွင်းမှ ငွေကြေးလိမ်လည်လွှဲပြောင်းထုတ်ယူရာတွင် ပူးပေါင်းပါဝင်ကျူးလွန်သူများဖြစ်ကြသည့် နိုင်ဂျီးရီးယားနိုင်ငံသားသုံးဦးတို့ကို သန်လျင်မြို့နယ် Star City အိမ်ရာ၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံများ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လိုအပ်သောစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

### လိမ်လည်ခံရမည့်သူများကိုရှာဖွေ

ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်ချက်များအရ KBZ Pay Account အား လိမ်လည်မည့်သူသည် Online ပေါ်မှတစ်ဆင့် Facebook Account ၊ Facebook Page များတွင် KBZ Pay Level အဆင့်မြှင့်ပေးမည့်အကြောင်းအရာ Post များတင်၍ လိမ်လည်ခံရမည့်သူကို ရှာဖွေခြင်း၊ ဖုန်းနံပါတ်များအား KBZ Pay Application တွင် စစ်ဆေးကြည့်ပါက KBZ Pay Account ဖွင့်ထားခြင်း ရှိ မရှိ သိနိုင်ပြီး Account ဖွင့်ထားသည့် ဖုန်းနံပါတ်များအား KBZ Bank ၏ KBZ Pay Level မြှင့်ပေးသည့် ဌာနမှ ဝန်ထမ်းပုံစံ အယောင်ဆောင်ဆက်သွယ်ခြင်း၊ KBZ Bank Email Account အတုများဖြင့် KBZ Pay Level မြှင့်ပေးသည့်ဌာနမှ ဝန်ထမ်းပုံစံအယောင်ဆောင် ဆက်သွယ်ခြင်းစသည့် နည်းလမ်းများဖြင့် လိမ်လည်ခံရမည့်သူများကို ရှာဖွေကြသည်။

လိမ်လည်မည့်သူသည် လိမ်လည်ခံရမည့်သူနှင့် အဆက်အသွယ်ရရှိသည့်အခါ KBZ Pay ကို Level အဆင့်မြှင့်ပေးမည်ဖြစ်ကြောင်း ပြောကြားဆက်သွယ်သည်။ ထို့နောက် လိမ်လည်မည့်သူသည် လိမ်လည်ခံရမည့်သူ၏ဖုန်းနံပါတ်အား KBZ Pay Application တွင် Login ဝင်ပြီး လိမ်လည်ခံရမည့်သူအား ဆက်သွယ်၍ Message ထဲသို့ OTP ရောက်လာပါက အဆိုပါ OTP အား ပြန်ပြောပေးရန် ပြောဆိုဆက်သွယ်ကာ လိမ်လည်ခံရမည့်သူထံမှ OTP ရရှိသည်နှင့် KBZ Pay Application တွင် ဖြည့်သွင်းလိုက်ခြင်းအားဖြင့် လိမ်လည်ခံရမည့်သူ၏ KBZ Pay Account အား လိမ်လည်မည့်သူမှ အလုံးစုံ ထိန်းချုပ်ခွင့် ရရှိသွားသည်။

### သီးခြား KBZ Pay Account များသို့ လွှဲပြောင်းရယူ

ဆက်လက်၍ လိမ်လည်မည့်သူမှ လိမ်လည်ခံရမည့်သူအား KBZ Pay နှင့် Bank Account ချိတ်ဆက်ပေးမည်ဟု ပြောဆိုကာ Bank Account ဖွင့်လှစ်ခဲ့သည့် မှတ်ပုံတင်နံပါတ်နှင့် Bank Account နံပါတ်တောင်းခံ၍ KBZ Pay Account ဖြင့် ချိတ်ဆက်ဆောင်ရွက်သည်။ လိမ်လည်မည့်သူသည် KBZ Pay Account Level မြှင့်နေစဉ် လိမ်လည်ခံရမည့်သူအား KBZ Pay သုံးစွဲမှု ရပ်ဆိုင်းထားရန်၊ နှစ်ဦးစလုံး အသုံးပြုပါက KBZ Pay Account ပိတ်သိမ်းခံရနိုင်ကြောင်းပြောဆို၍ လိမ်လည်ခံရမည့်သူ၏ KBZ Pay Account အတွင်းရှိ ငွေသားများအား လိမ်လည်မည့်သူ၏ ဝယ်ယူထားရှိသည့် သီးခြား KBZ Pay Account များသို့ လွှဲပြောင်းရယူခြင်းဖြစ်သည်။ လိမ်လည်ခံရသူအနေဖြင့် KBZ Pay Account အား ပြန်လည်အသုံးပြုခွင့်ရရှိချိန်မှသာ မိမိအကောင့်အတွင်းမှ ငွေသားများ ဆုံးရှုံးနစ်နာကြောင်း သိရှိကြရသည်။

လိမ်လည်မှုကျူးလွန်ပုံ နည်းစနစ်များအရ အချို့သော လူပုဂ္ဂိုလ်များအနေဖြင့် မိမိ၏ Email Account ၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် လုပ်ငန်းလိပ်စာများကို ဆက်သွယ်မှုလွယ်ကူစေရန်အတွက် လူမှုကွန်ရက် Social Media များနှင့် Facebook တို့တွင် ဖော်ပြထားခြင်း၊ လိပ်စာကတ်များတွင် ဖော်ပြထားခြင်းတို့ကြောင့် ပြစ်မှုကျူးလွန်သူများအနေဖြင့် Email Account များကို စောင့်ကြည့်ရယူပြီး ငွေများလိမ်လည်လွှဲပြောင်း ထုတ်ယူနိုင်သည့် အခွင့်အလမ်းများရရှိခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် အများပြည်သူများအနေဖြင့် မိမိတို့၏ Email၊ ဖုန်းနံပါတ်နှင့် ကိုယ်ရေးအချက်အလက်များအား လုံခြုံမှုရှိစေရေး အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် မသမာသူများ၏ အသုံးချခံမဖြစ်စေရေး ကိုယ်ရေးကိုယ်တာ လိုအပ်ချက်မှတစ်ပါး Bank Account ဖွင့်လှစ်ရောင်းချခြင်းများ မပြုလုပ်ကြရန် လိုအပ်သည်။

### အထူးသတိပြုဆောင်ရွက်

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူတရားခံများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံပြင်ပသို့ ရောက်ရှိနေသည့် ပူးပေါင်းပါဝင်ကျူးလွန်သူ တရားခံများကို နိုင်ငံတကာ ရဲအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ တရားဥပဒေအရ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ဖော်ပြပါဖြစ်စဉ်ကဲ့သို့ လိမ်လည်ခံရမှုဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် အထူးသတိပြုဆောင်ရွက်နိုင်ရေး အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## KBZ Pay လိမ်လည်ရန် ပစ်မှတ်ရှာဖွေခြင်း




# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဝေါမြို့နယ်၊ သာစည်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် ည ၁၀ နာရီ ၄၅ မိနစ်တွင် ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအုပ်စု ညောင်ခါးရှည် ကျေးရွာရှိ X-Ray စက်စစ်ဆေးရေးဂိတ်တွင် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ဝင်းနိုင်စိုး (ခ) ညီပုနှင့် ထွန်းထွန်းနိုင်(ခ) ဝင်းနိုင် တို့ထံမှ အိုက်စ် ၃ ကီလိုကိုလည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအုပ်စု ပြည်ညောင်ကျေးရွာရှိ လက်ဖက်ရည်ဆိုင်တွင် ဖိုးချစ်နှင့် အောင်နိုင်ထွန်း(ခ) ကိုစိုင်း တို့အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် စဝေါကျေးရွာအုပ်စု ထမ်ဆမ်းကျေးရွာအနီးတွင် Probox အမျိုးအစား ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ပြည့်ဖြိုးအောင်နှင့် မလှလှတိုး (ခ)လမင်းရွှေရည်တို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ - ထိုင်းနှစ်နိုင်ငံ လက်တွဲ၍ မူးယစ်ကင်းစင်သော ဒေသတစ်ခုဖြစ်ပေါ်လာစေရေး ကြိုးပမ်းတည်ဆောက်သွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

**(၂၄)ကြိမ်မြောက် မြန်မာ - ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပသည်။**




အစည်းအဝေးတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က ယခင်က မူးယစ်ဆေးဝါး ပြဿနာဟုဆိုပါက ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုသည် အဓိကပြဿနာဖြစ်ခဲ့သော်လည်း ယနေ့တိုးတက်လာသည့် ခေတ်စနစ်အခြေအနေများအရ ကမ္ဘာ့မူးယစ်ဆေးဝါး ပြဿနာသည် လွန်စွာရှုပ်ထွေးလာပြီး နိုင်ငံတိုင်း ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲပြဿနာများထဲမှ အကြီးမားဆုံးပြဿနာတစ်ခု ဖြစ်နေပါကြောင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုနှင့် အလွဲသုံးမှုတို့သည် နိုင်ငံဖြတ်ကျော် မှုခင်းများနှင့် ဆက်နွှယ်ကြီးထွားလာပြီး ယင်းပြဿနာကြောင့် နိုင်ငံများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတို့ကိုပါ ကြီးမားသော ဆိုးကျိုးဖြစ်စေသည့် စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအဖြစ် မဲခေါင်အဖွဲ့ဝင်နိုင်ငံများ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့နှင့်လည်း နှစ်နိုင်ငံနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီး မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး လုပ်ငန်းများကို အနီးကပ်ပူးပေါင်း ဆောင်ရွက်လျက် ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံ လက်တွဲ၍ မူးယစ်ကင်းစင်သော ဒေသတစ်ခု ဖြစ်ပေါ်လာစေရေးအတွက် ကြိုးပမ်းတည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အရာရှိများအတွက် စွမ်းရည်မြှင့်သင်တန်းများ၊ နည်းပညာနှင့် ပစ္စည်းကိရိယာများထောက်ပံ့ကူညီမှုများ အပြင် အစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ၌ ကူညီပေးခဲ့မှုများအတွက်လည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ အတွင်းရေးမှူးချုပ် Mr. Wichai Chaimongkhon က မြန်မာ - ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများသည် အောင်မြင်မှုများစွာ ရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံမှ တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များအတွက် စွမ်းရည်မြှင့်သင်တန်းများ၊ ခေတ်မီနည်းပညာသုံးပစ္စည်းများ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် တားဆီးနှိမ်နင်းရေး လုပ်ငန်း ဆောင်ရွက်နေသော အောက်ခြေအဆင့် တပ်ဖွဲ့ဝင်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိရန်၊ အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်နိုင်ရန် မကြာခဏ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ ကိုယ်စားလှယ်များက မူးယစ်ဆေးဝါးပြဿနာကိုရင်ဆိုင်ဖြေရှင်းရာ၌ ကြုံတွေ့နေရသည့် စိန်ခေါ်မှုအခက်အခဲများ၊ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုဖြစ်စဉ်များ၊ နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့် (၂၅) ကြိမ်မြောက် အစည်းအဝေးကို ထိုင်းနိုင်ငံမှ အလှည့်ကျ အိမ်ရှင်အဖြစ် ကျင်းပနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့ကြားရှိ မြန်မာ - ထိုင်းချစ်ကြည်ရေးတံတား အမှတ်(၁) ပြန်လည်ဖွင့်လှစ်

**တာချီလိတ် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ကို ဆက်သွယ်ထားသည့် မြန်မာ - ထိုင်းချစ်ကြည်ရေး တံတားအမှတ်(၁)ကို ကိုဗစ်-၁၉ ရောဂါကြောင့် သုံးနှစ်ဝန်းကျင် ပိတ်ထားရာမှ ယနေ့နံနက်ပိုင်းက ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မြန်မာ - ထိုင်း ချစ်ကြည်ရေး တံတားအမှတ်(၁)ကို တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့ရှိ တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တံတားပေါ်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ တံတားပြန်လည်ဖွင့်လှစ်လိုက်သည့်အတွက် မြန်မာ - ထိုင်း နှစ်နိုင်ငံရှိ ဒေသပြည်သူများ အပြန်အလှန်ဝင်ထွက်သွားလာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကာ လူမှုစီးပွားများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





မြန်မာ့အလင်း

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - မြင့်စိုး |
| **သတင်းထောက်မှူး** | - ခင်ရတနာ |
| **စာတည်းများ** | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - တင်စိုး |
| **သုတေသန** | - အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၂ - ၂၀၂၃

**ရွှေ**

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၆၈၉၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၇၄၈၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၄၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၄၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၆၀ ကျပ် | ၂၂၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၄၀ ကျပ် | ၂၂၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၀၀ ကျပ် | ၂၁၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၇၅ ကျပ် | ၂၂၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၄၃ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၂ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၀၁၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၆ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၃ . ၉၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၆ . ၁၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၈၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၃၂၂ | ၂၇၃၇၀၀၀ |
| MTSH | ၃၂၀၀ | ၃၁၅၀ | ၃၅၆၅ | ၁၁၂၃၉၀၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၆၉ | ၅၁၇၅၀၀ |
| FPB | ၁၈၀၀ | ၁၇၅၀ | ၁၇၁၀ | ၃၀၂၁၄၀၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၁၉၀ | ၄၈၄၁၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၈၂ | ၄၀၁၈၀၀ |

ညီညီ - စုစည်းသည်

# (၇၅) နှစ်မြောက်စိန်ရတု ချင်းအမျိုးသားနေ့ အခမ်းအနား ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

**ပုသိမ် ဖေဖော်ဝါရီ ၂၀**

၂၀၂၃ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ အခမ်းအနားအား အင်္ဂပူမြို့နယ် ကွင်းကောက်ကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ နယ်မြေခံ လေ့ကျင့်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဒေသခံချင်းတိုင်းရင်းသူ တိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ (၇၅) နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ မုခ်ဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ နယ်မြေခံ လေ့ကျင့်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်၊ ချင်းတိုင်းရင်းသား ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဆလိုင်းလှမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအား ဆက်လက်ပြုလုပ်ရာ သဘာပတိကြီးက မောင်းသုံးချက်ထု၍ အခမ်းအနား ဖွင့်လှစ်ပေးပြီး အဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသား ရှစ်မျိုးလုံး စုပေါင်းနေထိုင်ကြပြီး နေထိုင်မှုအများဆုံးတိုင်းရင်းသားများမှာ ဗမာ၊ ကရင်၊ ရခိုင်နှင့် ချင်းတိုင်းရင်းသားများ ဖြစ်ကြပါကြောင်း၊ တိုင်းရင်းသား လူမျိုးများစွာဖြင့် စုစည်းနေထိုင်လျက်ရှိသော မိမိတို့နိုင်ငံအနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် အမျိုးသားရေးစိတ်ဓာတ်တို့မှာလည်း မည်မျှအရေးကြီးကြောင်း သမိုင်းက ပြသလျက်ရှိသည့်အတွက် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူအားလုံးသည် အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်ကြပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့်လည်း တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားတို့၏ တိုင်းရင်းသားစာပေသင်ကြားရေးများ၊ တိုင်းရင်းသား ရိုးရာ ဓလေ့ပွဲတော်များ၊ နေ့ထူးနေ့မြတ်များနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို အစဉ်အလာမပျက် ကျင်းပဆောင်ရွက်နိုင်စေရန် စာပေနှင့် ယဉ်ကျေးမှုအသင်းများသို့ ထောက်ပံ့ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိဒေသ၏ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ အမွေအနှစ်များ၊ ဓလေ့ထုံးစံများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အခြေခံ၍ တိုင်းဒေသကြီး၏ အကျိုး၊ ပြည်ထောင်စု၏ အကျိုးတို့ကို ထာဝစဉ် သယ်ပိုးနိုင်ပါစေကြောင်း နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး တိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဆလိုင်းလှမြင့်က ချင်းအမျိုးသားနေ့ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ တိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်း အတွင်းရေးမှူး ဆလိုင်းအောင်ကိုကိုဦးက ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းအား ရှင်းလင်းပြောကြား၍ ခင်းကျင်းပြသထားသော နောက်ခံအရောင်နှင့် ဆင်ယင်ထုံးဖွဲ့မှုအကြောင်းကို ချင်းတိုင်းရင်းသူတစ်ဦးက ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ဝင်ဒေသခံ ဆလိုင်းသိန်းဆွေက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ချင်းတိုင်းရင်းသား တိုင်းရင်းသူများ၏ ရိုးရာအကများဖြင့် ဖျော်ဖြေကပြမှုများကို ကြည့်ရှုအားပေးပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြောင်း သတင်းရရှိသည်။



**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ အားကစားနည်းအလိုက် ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းကစတင်ပြီး သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ယနေ့ နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ပြုလုပ်သည့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲနှင့် လူရွေးပွဲသို့ လာရောက်ကြည့်ရှု အားပေးသည်။

ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား သံလုံးပစ်ပြိုင်ပွဲ **(အောက်ပုံ)**၊ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲနှင့် အမျိုးသမီး အမြင့်ခုန်ပြိုင်ပွဲများကို ကျင်းပရာ အမျိုးသားမီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် စောအောင်အောင်ချင်း (ဘားအံ-EDC)က ပထမ၊ မောင်လင်းခိုင် (ရန်ကင်း-EDC)က ဒုတိယ၊ မောင်နေလှိုင်ဦး (ထားဝယ်-EDC)က တတိယရရှိကြပြီး အမျိုးသမီးမီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် မဝိုင်းချစ်(စစ်ကိုင်း-EDC)က ပထမ၊ မသန္တာလင်း (ထားဝယ်-EDC)က ဒုတိယ၊ မဆုန်းနမ်ပါရ်(မုံရွာ-EDC)က တတိယရရှိကြသည်။

အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် မောင်မျိုးချစ်အောင် (ကျောက်ဖြူ-EDC)က ပထမ၊ မောင်ရာဇာဦး (မန္တလေး-EDC)က ဒုတိယ၊ မောင်ဟိန်းထက်အောင် (ပခုက္ကူ-EDC)က တတိယ ရရှိကြပြီး အမျိုးသမီးမီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် မဖြိုးဖြိုးခိုင်(ထားဝယ်-EDC)က ပထမ၊ မပြည့်ရတနာဖြိုး (မြောင်းမြ) က ဒုတိယ၊ မလှဦး (တောင်ကြီး) က တတိယရရှိကြသည်။

အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် မောင်မင်းဇင်ဟိန်း (ပုသိမ်-EDC)က ပထမ၊ မောင်မင်းခန့်(မကွေး-EDC)က ဒုတိယ၊ မောင်ရှိုင်းဇော်(မိတ္ထီလာ-EDC)က တတိယရရှိကြပြီး အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲတွင် မသီသီဟန်(မကွေး-EDC)က ပထမ၊ မဇူးဇူးအောင် (ဘိုကလေး-EDC)က ဒုတိယ၊ မနန်းမွေဖောင် (လားရှိုး-EDC) က တတိယရရှိကြသည်။

အမျိုးသမီး အမြင့်ခုန်ပြိုင်ပွဲတွင် မအိအိဖြိုး (လားရှိုး-EDC) က ပထမ၊ မဆုပြည့်ပြည့်ဦး (ထားဝယ်-EDC)က ဒုတိယ၊ မအေးအေးမိုး(ဘားအံ-EDC)က တတိယ ရရှိကြသည်။





ပြိုင်ပွဲများအပြီးတွင် ဆုရရှိသည့်အားကစားမောင်မယ်များအား ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသန့်၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်သည့် ဒေါ်သူဇာရှိန်၊ ဒေါ်အေးဖြူဇင်တို့က ဆုများကို ချီးမြှင့်ပေးကြသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ ကျင်းပသည့် အမျိုးသမီး ဘော်လီဘောပွဲစဉ်နှင့် အမျိုးသား ဘော်လီဘောပွဲစဉ် တတိယနေရာလုပွဲကို လာရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)** အမျိုးသမီးပွဲစဉ်တွင် ထားဝယ်ပညာရေးဒီဂရီကောလိပ်အသင်းက ဘိုကလေးပညာရေးဒီဂရီကောလိပ်အသင်းကို ၃ ပွဲ-၁ ပွဲဖြင့်လည်းကောင်း၊ အမျိုးသားပွဲစဉ်တွင် လှည်းကူးပညာရေးဒီဂရီကောလိပ်အသင်းက ပြည်ပညာရေးဒီဂရီကောလိပ်အသင်းကို ၃ ပွဲ-၂ ပွဲဖြင့် လည်းကောင်း အနိုင်ရရှိကာ တတိယရရှိကြသည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မကွေးဇုန်အသင်းက မန္တလေးဇုန်အသင်းကို ၃ ဂိုး-၂ ဂိုးဖြင့်လည်းကောင်း၊ မော်လမြိုင်ဇုန်အသင်းက တောင်ကြီးဇုန်အသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ညနေပိုင်းတွင် အားကစားမောင်မယ်များသည် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအတွင်းရှိ ရေကူးကန်နှင့် အားကစားလှုပ်ရှားမှုပြခန်းကို သွားရောက်လေ့လာကြသည်။

ဖေဖော်ဝါရီ ၂၁ ရက်တွင် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲမှ ပြေးခုန်ပစ်ပြိုင်ပွဲများနှင့် ပိုက်ကျော်ခြင်း(အမျိုးသား) တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲမှ အုပ်စုပွဲစဉ်များကိုလည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ဈေးကွက်တွင် မြေပဲဆန်နှင့် မြေပဲဆီဈေးနှုန်း အနည်းငယ်မြင့်တက်

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်သို့ ယခုဖေဖော်ဝါရီလ (ဒုတိယပတ်)တွင် ရွှေတောင် (ကျွန်းတဲ)၊ ကံမနှင့် မင်းတုန်းဘက်မှ မြေပဲဆန်များ နေ့စဉ်ဝင်ရောက်မှုမရှိဘဲ ရက်ခြားသာဝင်ရောက်မှုရှိပြီး တစ်ကြိမ်ဝင်ရောက်လျှင် အိတ် ၂၀၀၀ ခန့် ဝင်ရောက်မှုရှိကာ ဝင်ရောက်လာသည့် မြေပဲဆန်များကို ဒေသတွင်း ဆီစက်လုပ်ငန်းရှင်နှင့် ပဲကြော်ဖိုသမားများက အဝယ်ရှိသည့်အပြင် အညာဒေသဖြစ်သော မကွေး၊ မြင်းခြံ၊ ပခုက္ကူနှင့် မန္တလေးဘက်မှလည်း ဝယ်ယူမှုရှိသဖြင့် ဝင်သလောက် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ မြေပဲဆန်ဝယ်လိုအားကောင်းလာသဖြင့် ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း၊ ယခုအပတ်၌ မြေပဲဆန်ဈေးများမှာ ဆီကြိတ်မြေပဲဆန် (အဖြူ) တစ်ပိဿာလျှင် ငွေကျပ် ၅၆၀၀၊ (အနီ) တစ်ပိဿာလျှင် ငွေကျပ် ၆၆၀၀ ဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ငွေကျပ် ၁၀၀၀ ဝန်းကျင်ခန့် ဈေးမြင့်တက်လာခဲ့ကြောင်း၊ ထို့အတူ မြေပဲလုံးဆန်ဈေးနှုန်းမှာ (အဖြူ) တစ်ပိဿာလျှင် ငွေကျပ် ၆၁၀၀၊ (အနီ) တစ်ပိဿာလျှင် ငွေကျပ် ၇၁၀၀ ဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ငွေကျပ် ၅၀၀ ခန့် ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

မြေပဲဆန်ဈေးနှုန်းများ မြင့်တက်လာခဲ့သဖြင့် မြေပဲဆီဈေးနှုန်းလည်း မြင့်တက်လာခဲ့ရာ မြေပဲဆီဈေးမှာ ယခုအပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ဈေးနှုန်းအထိ မြင့်တက်လာခဲ့ကြောင်း၊ ယခင်လ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ဈေးရှိခဲ့ရာ ယခင်လနှင့် ယခုလ နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ခန့် ဈေးနှုန်း အနည်းငယ် မြင့်တက်လာခဲ့ကြောင်း သိရသည်။ DOCA(ပဲခူး)

## ရေစကြိုမြို့နယ် စည်သာကျေးရွာမှ ဝါသီးနှံစိုက်တောင်သူများ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် စည်သာကျေးရွာတွင် ဝါသီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း၊ ဝါသီးနှံကို မိုးကြိုရာသီ၊ မိုးရာသီနှင့် မိုးနှောင်းရာသီတို့တွင် စိုက်ပျိုးလေ့ရှိရာ ရေစကြိုမြို့နယ်ဘက်တွင် မိုးနှောင်းရာသီဖြစ်သော ဩဂုတ်လနှင့် စက်တင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာလဆန်းပိုင်းတွင် စတင်ခူးဆွတ်ကြကြောင်း သိရသည်။

စိုက်ပျိုးသော ဝါအမျိုးအစားများမှာ ငွေတောင် ၁၀၊ ငွေချည် (၉-၁၀)၊ ရာကာ ၆၆၆ သက်ကြီးမျိုးဖြစ်သော ကမ္ဘောဇမျိုးများ စိုက်ပျိုးကြပြီး ရာကာ ၆၆၆ မျိုးမှာ ဒေသမြေအနေအထားနှင့် ကိုက်ညီသောကြောင့် အများဆုံး စိုက်ပျိုးကြကြောင်း၊ ဒေသစီးပွားဖြစ် နှစ်စဉ်စိုက်ပျိုးကြပြီး ယခင်နှစ် စိုက်ဧက ၇၀ ခန့်ရှိခဲ့ပြီး ယခုနှစ်တွင် ဧက ၁၂၀ အထိ တိုးချဲ့စိုက်ပျိုးကြောင်း သိရသည်။

တစ်ဧကလျှင် ဝါစေ့သုံးပိဿာကြဲပက်ပြီး အတန်းလိုက် ရေသွင်းစနစ်ဖြင့် စိုက်ပျိုးကြောင်း၊ ယခင်နှစ် တစ်ဧကကုန်ကျစရိတ်မှာ သုံးသိန်းခန့်ရှိပြီး ပိဿာ ၄၀၀ ခန့် ထွက်ရှိကြောင်း၊ ယခင်နှစ် ဈေးနှုန်းအနေဖြင့် ဝါတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀/၁၃၀၀ ခန့်ရှိပြီး အကျိုးအမြတ်အနေဖြင့် နှစ်သိန်းခန့် ရရှိကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးစရိတ်မြင့်မားသည့်အတွက် တစ်ဧကကုန်ကျစရိတ် ငါးသိန်းခန့်ရှိပြီး ပိဿာ ၅၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဝါတစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀/ ၂၄၀၀ ခန့် ရှိသဖြင့် စိုက်ပျိုးတောင်သူ တစ်ဧကအကျိုးအမြတ် ငါးသိန်းကျော်ခန့်ရရှိကြောင်း သိရသည်။

ရိတ်သိမ်းခူးဆွတ်ပြီးချိန်တွင် ဈေးကောင်းရရှိရန် ဝါကို နေလှန်းပြီးလျှင် ပြန်လည်သန့်စင်ပြီး သိမ်းဆည်းထားရှိကြောင်း၊ စည်သာကျေးရွာမှ ထွက်ရှိသောဝါများကို မြို့ပေါ်ရှိ ပွဲစားများအား တိုက်ရိုက်ရောင်းချသည့်အပြင် စစ်ကိုင်းနှင့် မန္တလေးမြို့များသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ DOCA (မကွေး)

## မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၅၅ သန်း ဆောင်ရွက်နိုင်ခဲ့



မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၇၄ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈၁ သန်းရှိပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၅၅ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံး အမှန်တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ပဲယင်း တန် ၂၃၉ ဒသမ ၀၀၊ ဆန်ကွဲ B 1-2 တန် ၃၅၃ ဒသမ ၅၀၊ ကြက်သွန်နီ ၄၀၁ ဒသမ တန် ၉၅၊ ဖရဲသီး တန် ၁၁၉၉ ဒသမ ၈၀၊ ပဲတီစိမ်း တန် ၂၀၃ ဒသမ ၅၀၊ သခွားမွှေး တန် ၄၈၀ ဒသမ ၃၀၊ ငစိန်ဆန် 15 ရာခိုင်နှုန်း တန် ၂၆၆ ဒသမ ၅၀၊ ငါးရှဥ့် ၂၆ ဒသမ ၈၄ တန်၊ ငစိန်ဆန် 10 ရာခိုင်နှုန်း တန် ၂၃၈ ဒသမ ၅၀ နှင့် ဝါဂွမ်း တန် ၄၉ ဒသမ ၇၈၀ တို့ ဖြစ်သည်။

အများဆုံး အမှန်တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ လိမ္မော်သီး၊ ပန်းသီး၊ သံတံခါးပေါင်၊ ဝိုင်ယာကြိုးဆက်သည့် ကိရိယာ၊ ပစ္စည်းထုပ်ပိုးသည့် ပလတ်စတစ်၊ ကြွေပန်းကန်၊ ကြွေခွက်၊ ကလေးကစားအရုပ်၊ တစ်ရှူးအစိုနှင့် ဓာတ်ဘူးတို့ ဖြစ်သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၁၉ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၉၄၁ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၃၅၂ သန်း၊ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၂၉၃ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ MACCS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် ၃၀၉ ဒသမ ၉၇၈ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရေစကြိုမြို့နယ် ကုလားပဲစိုက်တောင်သူများ ဈေးကောင်းရရန်မျှော်လင့်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ ချင်းတွင်းမြစ်ရေကြီးချိန် ရေဝင်ရောက်သည့် ကျေးရွာများ၌ မြစ်ရေကျချိန်တွင် ဆောင်းသီးနှံများဖြစ်သည့် မြေပဲ၊ ကုလားပဲ၊ ထောပတ်ပဲ စသည့်အခြားပဲမျိုးစုံသီးနှံများကို စိုက်ပျိုးကြကြောင်း၊ ရေစကြိုမြို့နယ် ရှစ်အိမ်တန်းအုပ်စု ကူတုတ်ကျေးရွာ၌ ချင်းတွင်းမြစ်ရေကျချိန်အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် ကုလားပဲကိုစိုက်ပျိုးကြပြီး အဓိကစိုက်ပျိုးသည့်ကုလားပဲမှာဟော်လန်(ကုလားပဲဝါ)၊ V2 (ကုလားပဲဖြူ) နှင့် 929 (ကုလားပဲဝါကြီး) များကိုအများဆုံးစိုက်ပျိုးကြကြောင်းသိရသည်။

ယခင်နှစ် ကုလားပဲသီးနှံ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ မြေပြင်ခြင်း၊ ရိတ်သိမ်းခြင်း အပါအဝင် စုစုပေါင်း ငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ပိုးမွှားအန္တရာယ်ကင်းရှင်းပြီး အပင်အသေပျောက်နည်းလျှင် တစ်ဧကလျှင် အတင်း ၂၀ ထွက်ရှိခဲ့ကြောင်း၊ ပိုးမွှားအန္တရာယ်ကျရောက်ပြီး အသေအပျောက်များလျှင် တစ်ဧက ၁၀/၁၅ တင်းခန့်သာ ထွက်ရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ရှစ်အိမ်တန်းကျေးရွာအုပ်စု၌ ကုလားပဲ ဧက ၁၀၀ ခန့် စိုက်ပျိုးထားသည့်အနက် 929 (ကုလားပဲဝါကြီး) နှင့် V2 (ကုလားပဲဖြူ) ကို ငါးဧက စိုက်ပျိုးထားကြောင်း၊ လက်ရှိကုလားပဲ စိုက်ခင်းများမှာ လတ်တလောအခြေအနေအရ အထွက်နှုန်းကောင်းနိုင်ပြီး ဖေဖော်ဝါရီလကုန်ခန့်တွင် ရိတ်သိမ်းရမည်ဖြစ်ကြောင်း၊ ပိုးမွှားအန္တရာယ် ကျရောက်မှုမရှိခြင်း၊ အပင်အသေအပျောက်မရှိခြင်းနှင့် ရာသီဥတု ကောင်းမွန်ခြင်းတို့ကြောင့် ယခုနှစ်တွင် အထွက်နှုန်းကောင်းနိုင်ကြောင်း၊ အထွက်နှုန်းအနေဖြင့် တင်း ၂၅ / ၃၀ ခန့် ထွက်ရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ယခုနှစ် မျိုး၊ သွင်းအားစု၊ မြေပြင်ခြင်း၊ ရိတ်သိမ်းခြင်းမှာ ဈေးနှုန်းများ ကြီးမြင့်နေသည့်အတွက် တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၆၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခုအချိန်တွင် ကုလားပဲတစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ မှ ၆၂၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကုလားပဲစိုက်ပျိုးတောင်သူများအနေဖြင့် မကြာမီအချိန်တွင် ရိတ်သိမ်းတော့မည် ဖြစ်သည့်အတွက် ဈေးကောင်းရရှိနိုင်ကြောင်း သိရသည်။ DOCA (မကွေး)

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ပစ္စည်းတင်ပို့မှုနှင့် သွင်းကုန်ပစ္စည်းတင်သွင်းမှု အခြေအနေ

ကော့သောင်း ကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမုန့်၊ သီဟိုဠ်စေ့နှင့် ဆီအုန်းတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၁၉ ရက်အထိ ပို့ကုန်တန်ချိန် ၁၀၆၅၅၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဒသမ ၉၈၃ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၃ သန်းရှိပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၂၆ သန်းဖြစ်သည်။

အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်၊ ဆီအုန်း၊ အုန်းဖက်တီးအက်ဆစ်၊ ဓနိအုန်းတို့ဖြစ်ပြီး အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဓာတ်ဆီ၊ ဒီဇယ်၊ ပီလောပီနံမှုန့်၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်၊ ဆိုဒီယမ်ကာဗွန်နိတ်၊ အနံ့ရည်၊ ဆား၊ ရေခဲပုံး၊ ဆီလီကွန်၊ မီးသွေးမှုန့်၊ ထုံးမှုန့်၊ ကုန်စုံနှင့် ဘက်ထရီတို့ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၂၃ ခုနှစ် ဖေဖော်ရီ ၂၀ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၉၀ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၄ ကျပ်ခန့်ဖြစ်သဖြင့် ယခင်အပတ်ထက် တစ်ကျပ်ကျဆင်းသွားကြောင်း သိရသည်။

## နောင်ချိုမြို့နယ်မှ မက္ကာဒေးမီးယား စိုက်ပျိုးထုတ်လုပ်မှု

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အတွင်း မက္ကာဒေးမီးယား စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ မက္ကာဒေးမီးယားအပင်သည် ပင်လတ်၊ ပင်ကြီးမျိုးဖြစ်ပြီး မက္ကာဒေးမီးယားအပင်စိုက်ပျိုးရာတွင် ကိုင်းဆက်ပင်နှင့် အစေ့စိုက်ပင်ဟူ၍ နှစ်မျိုးစိုက်ပျိုးကြကြောင်း၊ မက္ကာဒေးမီးယား စိုက်ပျိုးရာတွင် မြေအမျိုးအစားရွေးချယ်ရန် လိုအပ်ကြောင်း၊ အဓိကအားဖြင့် အစိုဓာတ်ထိန်းသိမ်းမှုနည်းပါးပြီး သဲဆန်လွန်းသည့် မြေမျိုးမှလွဲ၍ စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း၊ ရေဝပ်ခြင်းမရှိသော သစ်ဆွေးမြေများ၊ အစိုဓာတ်ထိန်းသိမ်းမှုကောင်းမွန်သည့် မြေမျိုးများတွင် စိုက်ပျိုးကြကြောင်း၊ ရာသီဥတုအားဖြင့် နှစ်စဉ် မိုးရေချိန် လက်မ ၆၀ နှင့်အထက် ရွာသွန်းသောဒေသများတွင် စိုက်ပျိုးရှင်သန်နိုင်သော်လည်း ပန်းပွင့်ချိန်ကာလဖြစ်သော ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် အအေးဓာတ် ၁၄ ဒီဂရီမှ ၁၈ ဒီဂရီအတွင်းရရှိရန် လိုအပ်ကြောင်းနှင့် အပူပိုင်းဒေသများတွင် အမြင့်ပေ ၁၅၀၀ မှ ၃၀၀၀ အတွင်း ရွေးချယ်စိုက်ပျိုးရန်ဖြစ်ကြောင်း သိရသည်။

မက္ကာဒေးမီးယားပင်၏သီးပွင့်မှုမှာ သဘာဝအားဖြင့် ကိုင်းဆက်အပင်သည် သက်တမ်းလေးနှစ်တွင် လည်းကောင်း၊ အစေ့စိုက်အပင်သည် သက်တမ်းခြောက်နှစ်တွင် လည်းကောင်း စတင်သီးပွင့်ကြကြောင်း၊ အစိုဓာတ်ကောင်းမွန်သော ဒေသများတွင် တစ်နှစ်ပတ်လုံးသီးပွင့်နိုင်ပြီး နှစ်ပေါင်း ၆၀ အထိ နှစ်ရှည်ပင်ဖြစ်၍ စီးပွားရေး တွက်ခြေကိုက်သည့် အထွက်နှုန်းရရှိနိုင်ပြီး နှစ်ပေါင်း ၁၀၀ အထိ သီးပွင့်နိုင်ကြောင်း၊ ကိုင်းဆက်အပင် စိုက်ပျိုးခြင်းသည် အသီးသီးရန် ပို၍မြန်ကြောင်း သိရသည်။

မက္ကာဒေးမီးယားအပင်ကို ၁၉၈၂ – ၁၉၈၃ ခုနှစ်မှစတင်၍ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်များတွင် စမ်းသပ်စိုက်ပျိုးခဲ့ကြပြီး ယခုအချိန်တွင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း၊ နောင်ချိုမြို့နယ်တွင် မက္ကာဒေးမီးယားအပင် စိုက်ပျိုးဧက ၁၃၀၀၀ ခန့်ရှိပြီး အထွက်နှုန်းမှာ တစ်တန်မှ ၅ ဒသမ ၁ တန်အထိ ထွက်ရှိကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် မြန်မာပြည်အနှံ့အပြားနှင့် နိုင်ငံခြားသို့ နှစ်စဉ်တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

DOCA(ရှမ်း)

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

